သိုးနီညို

# လိုင်စင်မဲ့ မြေအောက် ရထား

# သိုး
# နီ
# ညို

လိုင်စင်မဲ့ မြေအောက် ရထား

# လား နဲ့ လဲ ပြီး ပလား

ဟိုဘို ဆိုတဲ့ စကား ဘယ်က စခဲ့သလဲ
Jesus မှာ မွေးချင်း ရှိခဲ့လား
ဒေါက်ဖြုတ်လိုက်တဲ့ အချိန်မှာ သူနေခဲ့တဲ့
ဆင်းရဲသားရပ်ကွက်ဟာ အရေးအကြီးဆုံးပေါ့လို့များ
သူပြောမလား
အရဲစွန့်မှုဆိုတာ ဖြစ်လာနိုင်တဲ့အကျိုးဆက်တွေကို
ကြိုမမြင်တာလား
အုန်းသီးကြွေကျတာကို ထိမိပြီး တစ်နှစ်မှာ
လူ ၁၅၀ လောက်သေလား
နျူ ပါ၀ါ နဲ့ ဘက်ထရီ မီးချောင်းထွန်းတာ လုံခြုံပါ့မလား
ကဗျာတစ်ပုဒ်ရဲ့ အလုပ်လုပ်ပုံကို နားလည်ဖို့အတွက်
ရှုထောင့်ငါးခုလိုသလား
ဒဗလျူ ဟာ သရ ထဲမှာပါလား
ဒိုင်နိုဆောတွေ ဘယ်လို လိင်ဆက်ဆံခဲ့ကြသလဲ
ဟွန်းမဲ့ဖုံထဲက ဟွန်းသံတွေကနေ လွတ်နိုင်မယ့် ကွန်ဒို
အထပ်ဟာ ဘယ်အထပ်ကစဖြစ်မလဲ
လက်ခေါက်မှုတ်ခေါ်နေလား အီးမေးလ်ပို့လိုက်လား
ကွန်ယက်နဲ့ဆက်သွယ်လား
အရိပ်တွေမှာ အလေးချိန်ရှိလား
မိုနိုပိုလီ ကစားခြင်းဟာ အရင်းရှင် စနစ်ကို အားပေးရာ
ရောက်သလား
ဓားထိုးမှုပြီးတော့ သူတို့လူ သူတို့ ပြန်သယ်သွားကြသလား
ဒီမှာသူတို့ဘာလို့ မွဲဆေးလာဖော်မှာလဲ
infrastructure ဟာ တစ်ဖက်တစ်လမ်းက
ပိတ်ပင်တားမြစ်ဖို့လား
ချော့ကလက် စားခြင်းဟာ လိင်စိတ်ကို တိုးလာစေလား
သချိုင်းမှာကြော်တဲ့ ဝက်ဆီဖတ်ကြော်ရှိလား

သွက်သွက်ခါအောင်ရှူးနေတဲ့ လူဟာ
ဆေးလိပ်သောက်လား၊ အရက်ရောလား
ဘယ်ကမှန်းမသိတဲ့ အိုးမဲ့ အိမ်မဲ့တွေ
ဘယ်ရောက်ကုန်သွားသလဲ
ဘာအကြောင်းပြချက်တွေ ဘာရာဇဝင်တွေမှလည်း
မရှိပါလား
ဖောင့်ဆိုဒ် ၁၁ ဟာ ဖောင့်ဆိုဒ် ၁၂ ကိုကျော်ပြီး
စံ ဖြစ်လာနိုင်စရာ ရှိလား
လေယာဉ်ထဲမှာ ငှက်အကောင်ပေါင်း ခြောက်သန်းလောက်
ပြန်နေရင်၊ လေယာဉ် ပိုလေးသွားမလား
ကိုလာကိုလား ကို ကိုယ်ဝန်တားဆေး အဖြစ်
အသုံးပြုလို့ရတယ်ဆိုလား ဟုတ်လား
ငင်းနစ်မှတ်တမ်းဆိုတာ ဘာလဲလို့များ မေးမလား
ဟောလီးဝုဒ် က အချစ်ခန်း တွေမှာ
သူတို့ တကယ် လုပ် ကြသလား
ဒါပေမယ့် ဒါတွေဟာ ခေတ်ရဲ့စနစ်တွေနဲ့
ဘယ်လိုဆက်ဆံသလဲ
သိ/တတ်/တွေ့ကြုံ/ခံစား/ဆင်ခြင်သုံးသပ်မှု ၊
အလေ့အကျင့် စသည်တို့အားလုံး
ကဗျာရဲ့အလုပ်လုပ်ပုံကို ပံ့ပိုးမလား
ကမ္ဘာပေါ်မှာ အဝဆုံး ဆယ်နိုင်ငံ ဟာ ဘာတွေဖြစ်မလဲ
ဘယ်သူတွေနဲ့ ဘယ်လိုညှိနှိုင်းပြီး
ပိုင်းလုံး လုပ်ခဲ့ရမယ်ထင်သလဲ
ယောကျာ်းအားတိုးစေ(ဥပမာ - ဗိုင်ရာဂရာ) တွေကို
သုံးစွဲခြင်းဟာ ကြံ့တွေကို မျိုးသုန်းစေနိုင်လား
ကာမအထွဋ်အထိပ်မှာ ဆုံးရှုံးခြင်း၊ ကြေကွဲခြင်းကို
နင့်သီးစွာခံစားရမလား

pemskool.org

သုံး နှ ညီ

နွေးဆင်းသွားတာကို ဆီးလို့ သိလိုက်ရတဲ့ ခဏမှာ
ဘယ်သူမဆို ကျင့်သားရလာမှာလား
ဗိသုကာဟာ ဖွဲ့စည်းမှုလည်း ဖြစ်သလား
ယနေ့ကဗျာဗေဒအပေါ် သင်ဘယ်လို ဝတ်စားသွားမလဲ
ဟောက်နေတဲ့ အချိန်မှာ အိပ်မက်
မမက်ဘူး ဆိုတာ ဟုတ်လား
ယောက်ျားညွှသည်တစ်ယောက်နဲ့ဆိုလည်း
ပြန်လာရင် ကိုယ့်သမီးပဲလား
သူ့ကိုသူစစ်မစစ် စမ်းသပ်တဲ့ အချစ်ဟာ အထီးကျန်မယ်
ထင်သလား
ဟဲမင်းဝေးမှာ ခြေမ မရှိရင် သူ ဘယ်လို ကိုယ့်ကိုကိုယ်
သတ်သေမယ်ထင်လဲ
သေချင်တိုင်းသေလို့ရလို့လား
စက္ကူညစ်ညစ်တစ်ရွက်ပေါ်မှာ မပီပြင်တဲ့စာသား ဒါပေမယ့်
ဒီနေရာကို ဘာရထားမှ မလာဘူး မဟုတ်လား
သေတယ်ဆိုတာကလည်း ရှင်ဖို့
အရင်လို သေးတယ်ဆိုတာ ဟုတ်လား
ယဉ်ကျေးမှုတောကြီးမျက်မဲထဲ ဘယ်ဘက်ရွေးလိုက်မိသလဲ
အဲသလိုငွေရှင်ကြေးရှင်တွေဟာ ဒီရပ်ကွက်လေးကို
စီးပွားရေးအတွက် အပြောင်းအလဲတွေလုပ်မယ်ထင်သလား
အားခ်ီးလီးစ် သာ လိမ္မာပါးနပ်စွာ သံဖိနပ် စီးထားခဲ့ရင်
သူသေပ့ါမလား
လူတွေဟာ ကောင်းကင်ဘုံဂိတ်ဝ ကို
ဘာဝတ်စုံနဲ့ရောက်သွားမလဲ
သူနောက်ဆုံး ဝတ်ထားတဲ့ ဝတ်စုံနဲ့ ပဲလား
ကိုယ်လုံးတီး သေသွားရင်ရော ဘယ်သူပဲဖြစ်ဖြစ်
ကိုယ်လုံးတီး ပဲလား

အဲဒီဟာ မင်းဆီ ဘာဖြစ်လို့ ရောက်နေတာလဲ
ဆီလက်မှတ်ထဲမှာ ခင်ဗျားနာမည်ပါဖူးလား
ဒါရော ကဗျာ မဖြစ်နိုင်ဘူးလား
ပုံးကျဲခံရပြီး မီးတော်တော်ကြီးကြီးလောင်သွား
မယ်ထင်သလား
တစ်နေ့လုံး စိတ်မကောင်းလို့ ဘာလုပ်လို့ ဘာကိုင်ရမှန်း
မသိဖြစ်၊ ဘယ်သူ့ကို/ ဘာကိုသတိရရမလဲ
Feminism မိန်းမ တွေဟာ သူယောကျာ်းနဲ့ဆက်ဆံတဲ့အခါ
Rider (Woman on top position) နည်းကိုပဲ အသုံးပြု
ကြတယ် ဆိုတာဟုတ်လား
အဲတော့ v ဖြစ်လား
ခင်ဗျားရေးထားတာတွေ ဖတ်ချင်တယ်၊
ပို့နိုင်ရင်ပို့ပေးပါလား

ပုန်းနေတဲ့ မှန်ပြောင်း

စားရင်းဇယားတစ်ခုရဲ့ ဖြစ်စဉ်အတိုင်းတော့
အရေးမကြီးတဲ့အရာက အရေးကြီးတဲ့အကြောင်း ကို
အရေးတယူ လုပ်ပြီး
စာအုပ် အထူကြီးတွေ အုပ်ရေ သန်း နဲ့ချီပြီးရေးသွားတဲ့
အနောက်မှာ ရောက်နေတာက
ရောင်းစွံတစ်ကောင်ဖြစ်တဲ့အကြောင်း
တအား သုံးကြ/တည့်ကြတဲ့အကြောင်း
အတုကြီးတွေ အကြောင်းဖွဲ့ထားတဲ့ သိန်းချီသံ
မီးစွဲနေတဲ့ ဂျုံခင်းထဲမှာ ငါတို့ ပျော်ရွှင်ခဲ့သံ
ခြေထောက်တစ်ဘက်ဆီက တယ်လီဖုန်းခေါ်သံ
ကိုယ်လုံးသေးသေးလေးထဲ မြုပ်နေတဲ့အသံ
နှုတ်ခမ်းမွှေးကို မယုံကြည်သူတွေက ဟာညံဟာညံ
ကယ်သူမရှိ တစ်တစ်ဆူဆူ အော်သံကြီးတွေ
ဥရောပ မှာဆိုရင်တော့ ဒေါ်လာ
ငါးထောင်ကျော်လောက်ရမှာပါ
အပေးခံတိုက်ရိုက် ကံပုဒ်ထဲမှာ ဝါသနာရယ်၊ အိပ်မက်ရယ်၊
Study UK Degrees Here!! Free Entry!!! ရယ်ပဲ
သဒ္ဒါတွေ မှားလို့ မှားလောင်းနဲ့ ပါသွားတယ်၊
တစ်နေ့တာကဗျာထဲက အနုပညာမှာ
တွေးခေါ်မြော်မြင်မှုတွေ ပါရဲ့လား
လိုရော လိုလို့လား ဆိုတဲ့ ခင်ဗျားရဲ့
ဘာသာညံ့ညံ့ရှိတဲ့ အမှန်တရားရဲ့ အိတ်ထဲမှာ
နည်းနည်းအချို့ များများအချို့ အဖွဲ့အစည်းအချို့
ခွဲစိပ်မှုအချို့
ရှိမှုကျည်ဆံခွံအချို့ သိမှုချိုင့်ခွက်အချို့
မာစတာတွေကို သတ္တိရှိရှိကြည့်ခဲ့တယ်
အချို့ လက်ဆွဲနှုတ်ဆက်ခဲ့တယ်

pemskool.org

အချို့ပြားချပ်သွားတယ်
အချို့ ပြန်လိပ်သွားတယ်
အချို့ ကျွတ်ထွက်သွားပေါ့
သင်တို့အား လွတ်ထွက်မသွားကြစေကြောင်း
ခုန်အုပ်နိုင်ကြစေကြောင်း
ဒါပေမယ့် လည်း အဲဒါတွေက ခင်ဗျားတို့ သိတဲ့အတိုင်းပဲ
ကြာဖြင့် လုပြီ လေ။
အဲဒီတုန်းက မာစတာတွေရဲ့ သားသမီး
မြေးမြစ်တွေတောင်
တစ်နာရီ မိုင် နှစ်ရာနှုန်းနဲ့ ဝင်ဆောင့်ခံထိလို့
လိပ်ထားတာတွေတောင် ပြန် ပြန့် လို့၊
ကျွတ်ထွက်သွားပြီး နံရံမှာ သွားစိုက် နေတာတောင်
ပြန်ကျွတ်ထွက်လို့၊
သန်းချီတန် အတုကြီး တွေအကြောင်းရိုက်ထားတဲ့
ကြော်ငြာအစစ်တွေ ဒေါင်းလုပ် ခိုးလုပ်
အချို့ကတော့ ကြော်ငြာတွေကို သတ္တိရှိရှိ ကြည့်ခဲ့တယ်
အချို့ဆို အံမယ် . . လက်ဆွဲတွေ ဘာတွေတောင်
နှုတ်ဆက်လို့
ဘာမှ မကျန်တော့လောက်အောင်ကို ကိုယ့်ကိုကိုယ်
အထင်ကြီးသွားတာ
လေနဲ့ဆောင့်ပြီး အိမ်နောက်ဖေး က အင်တုံထဲမှာ
မွေးထားတဲ့ ရေဘဲတစ်ကောင် ဖြစ်သွားတော့
ညဟာ ဆူညံနေရင်၊ ကြောက်ဖို့ကောင်းလား၊
တိတ်ဆိတ်နေရင် ကြောက်ဖို့ကောင်းလား
လို့ မေးခံ ထိသွားတော့လည်း nu-metal
ဘဲတွေအတင်းကာရောဝင်ပြောကြတယ်
ဘဝဆိုတာ ချီးပဲ။ သေးပဲ။ ငါ နာကျင်နေတယ် ကွယ်။

"နောက်တော့လည်း ဘာမှ မဟုတ်ဘူး တစ်ပတ်ရစ်ကြီး"
သိထားမှုကို စေ့စေ့ငုငု ပြန်တွေးကြည့်တော့လည်း
တစ်သက်လုံး လက်ခံယုံကြည်ထားတာ
အဖုံးပွင့်ပြီး အငွေ့ပျံသွားမှာစိုးလို့၊
အဖုံးကို ကမန်းကတန်း ပြန်ပိတ်၊
အသိဉာဏ်ဆိုတာ ပုပ်သွားပြီးရင် သူများကို
အဖုန်းမဖွင့်ပြတာ ကောင်းတယ်
ခင်ဗျား ဘယ်ကောင်ကို အဖေ ခေါ်ခေါ်နေသလဲ
ဆိုတာထက်
ခင်ဗျား ကို ဘယ်ကောင် အဖေ ခေါ်ခေါ်နေသလဲ
ဆိုတာထက်
ခင်ဗျား အဖေ ကို ဘယ်ကောင် ခေါ်ခေါ်နေသလဲ
ဆိုတာထက်
ခင်ဗျားကို ထပ်မံပေါင်းစပ်ပေးခြင်းဟာ ဖျော်ဖြေရေး
တွေ့ကြုံခံစားမှုတွေကို
တိုးမြှင့်တင်ပေးတာ၊ ခင်ဗျား ဇာတ်ပြောထဲမှာ
ရဲတိုက်ကြီးတွေ၊ တောနက်ကြီးတွေ၊ အပါအဝင်
ပတ်ဝန်းကျင် အလှအပ တွေကို ခြယ်မှုန်းပြထားရာမှာ
ပီပြင်လှပြီး အထင်ကြီးလောက်စရာပါပဲ။
ပြီးတော့ ဇာတ်သိမ်းက လည်း
(၁၆) မျိုးလောက်ထွက်နေတော့
နောက်တစ်ခါ ဘယ်တော့မှ ခင်ဗျား
မိုဘိုင်းဖုန်းကနေ facebook မသုံးပါနဲ့
ဒါမှမဟုတ်
နက္ခတာရာကြည့်မှန်ပြောင်းနဲ့ ကဗျာ မဖတ်ပါနဲ့
နောက်ပီး ပန်းသီး ဆိုတာ
နယူတန် အတွက် အာဒမ် အတွက်လား၊

pemskool.org



စတီဗ်ဂျော့ အတွက် ခင်ဗျားလား၊

ကဲ . . နောက်ခါ

ဘယ်တော့မှ ပို့စ်မော်ဒန် တွေ

High နဲ့ Low တာကို ဖျက်ပစ်တယ် ဆိုတာ၊

Low တာကို သူတို့ မကြိုက်လို့မှ မဟုတ်ဘဲ

လို့ ခင်ဗျား ပါးစပ်က မပြောနဲ့

ဥပမာ -

မီးလောင်နေတဲ့ ဂျုံခင်းပက်လက်ကလေး ထဲမှာပေါ့

# စိတ္တဇနာမ်များဖြင့် မီးပြုံ

လွတ်လပ်မနေသ၍ မြေပုံအထဲက
ထွက်ပြေးသွားချင်နေကြတဲ့
ပဌာန်းဆက်အရ စိတ်လှုပ်ရှားတတ်သူများ
မွေးနံ ဂြိုလ်ထောင့်မှာ အိမ်လို၊ ယာလို နေထိုင်လိုသူများ၊
မိမိရဲ့ စိတ္တဇနံရံပေါ်တွင် မိမိကိုယ်ကို
ဖြည်းဖြည်းချင်း ရှာဖွေမှုများ
မသိစိတ် နဲ့ သိစိတ်ကို အလဲအလှယ်
ကဒ်ချိန်း ရိုက်ချင်သူများ၊
လူသားတစ်ယောက် ကိုယ်၌ကသာ
သူ့ကိုယ်သူ ကင်ဆာဖြစ်နိုင်တာမို့
မိမိရဲ့ သိမှု နံရံပေါ်မှာ လှလည်း မလှတဲ့
မတတ်တစ်ခေါက် မီးသွေးခဲ ဂရစ်ဖီတီ ဆွဲချင်သူများ၊
ခုခံအားကျဆင်း ဦးနှောက်တစ်ခြမ်း
ပိုးစားသွားတာ ဖြစ်နိုင်တာမို့၊
နေ့ရက်များကို ဆင့်ပြီး ခုန်ကျော်တာမျိုး၊
စုပေါင်းပြီး တွယ်တက်တာမျိုး၊
ရေခဲစိမ်ပြီး ထိုင်နေတာမျိုး
တစ်ကိုယ်လုံး ပေါင်းတင်ပြီး နှစ်လလောက် အိပ်နေတာမျိုး၊
စိတ်ခံစားမှုဆိုတာမျိုးက ဟာလာဟင်လင်းဖြစ်မှုမှာ
ပစ်ထားတာ ကြာလာတော့
မြင်ကွင်းတွေထဲက ထွက်ပြေးလို့မရနိုင်ဘူး
မြင်ကွင်းတွေဟာ စိတ်ရဲ့ ဒေသတွင်း လုံခြုံမှုနဲ့
ဘာမှမဆိုင်ဘူး
ကြိုတင်ခန့်မှန်းထားတဲ့အတိုင်း ဇီဝမိုးများရွာသွန်းနေချိန်
အကြောင်း(မ)တိုက်ဆိုင်မှုများကို စုစည်းထားတဲ့
လှောင်ချိုင့်ထဲ
အနိစ္စနှုတ်ခမ်းနီနီတွေ

ကိုက်ထားချင်မိ သာယာချင်မိ
(ဓါတုမိုးတွေ၊ ဇီဝမိုးတွေ၊ နဂါးနီတန်းခိုးနဲ့ ရှာသွန်း wow)
နှုတ်ခမ်းများ ပန်းများ အဆန်းများ ဆက်တိုက်
ပိုင်းစစိပ်မှာနိုင် ရောက်ရောက်သွားနိုင်
အစင်း အကြောင်း အတောင့် အလိပ် အဆင့်ဆင့်
အရေးစိုက် သွေးကြောမျှင်ကလေးတွေ
လူမမာအနီး အမြဲစိမ်းသူဆရာမလေးရဲ့
နားနီနီကလေးတွေ ခဏခဏ လှမ်းမြင်နေရခြင်းများ
သူများ မုန်းလို့ လျှောက်ပြီး မုန်းလိုက်ရတဲ့ ဂျော့ဘုရှ် များ၊
အီရတ် စစ်ပွဲများ၊
အိကျုလာသော ဖျန်းဖျန်းတုန်လှုပ်ခြင်းများ
လိပ်ခုံး ဆေး (၁) က
mosaic ပန်းချီကားကြီး က
ထအော်တယ်။ ဟိုးလား။ ဟိုးလား။
ထပ်တစ်ရာသန့်ရှင်းမှုဖြင့် ကန္တေရရ စိတ်ကူးကြည့်နိုင်
မြင်ယောင်နိုင်ခြင်းများ
ကလုံကလုံ ကလောက်ကလောက် မလုံမလောက်
သာယာခြင်းများ
မီဒီယာသဘောကို ဆောင်တတ်တဲ့
စပ်ချုပ် ဖြစ်ပေါ်ခြင်းများ
စိတ်ကြိုက် အနက်ကောက်ခြင်းများ
နွားလှည်းမောင်းနေစဉ် ဘေးကအရှိန်နဲ့
ဖြတ်မောင်းသွားတဲ့ မသိစိတ် ကို လှမ်းကော့ဆဲ ခြင်းများ၊
ဝတ်ဆံထဲက ဖြူကြောင်းတရားတွေကို
ယုံကြည်မှုမရှိဘူးဆိုတဲ့
ဖွန်ပန်းရုံအနီး ရေတွင်းကြီး မြက်ခင်းတွေ
တောင်တန်း အာကာသ စခန်း

pemskool.org



မပြီးမပြည့်စုံသူတွေရဲ့ခန္ဓာမှာ
လျှပ်တစ်သန်းပြက်ပြက်ထင်ထင်
ဝီထိဟာ လက်ယာရစ်ပတ်ခဲ့လည်း
သူပါကောင်းမည် မမည်မှာ မသေချာခြင်းများ
သူ့နေ့နံရှေ့ မီးညွှန့်များ ၊
ငယ်ဘဝ တထောင်းထောင်းများ၊
အသားစများ၊
အောက်ဆီဂျင်လှိုင်းများ
ဝိဘတ်အပိုင်းအစတွေနဲ့
တစ်ယောက်တည်းဖုံ ဖြစ်ပေါ်လေ့ရှိခြင်းများ
အန္တရာယ်ဖြစ်ရာလျှင်လည်း စင်ကြယ်စွာ
ငိုသွမ်းသွေးနိုင်ခြင်းများ
(ပေါင်မုန့်တစ်ခြမ်း)
အစစအရာရာအဆင်ပြေသွားမယ့်အကြောင်း
(ပေါင်မုန့်တစ်ခြမ်း)
အာရုံပိတ်နေ့များအတွက် တစ်ခုခုပေးပါတော့
အို...ကမ္ဘာကြီး
အုတ်တံတိုင်းကြီး မဖြို ဖြစ်တဲ့ အတွက် အပျို ကမ္ဘာကြီး ရဲ့
ပေါင်တံ ကြီးတွေ ခင်ပျား သိစိတ်ထဲမှာရော၊
မသိစိတ်ထဲမှာရော
ကားခနဲ ကားခနဲ ဖြစ်နေခြင်းများ
အဖြစ်များလျက် ဟာလည်း
လိုချင်လူတွေ ဘောင်တွေကို မွေးမြူတာမျိုး
များများစားစား မျိုးမျိုးမျက်မျက်


စတုတ္ထလှိုင်းရဲ့ရင်သားတွေဟာ

ပဉ္စမမျိုးဆက်ကို

လာလာပွတ်သပ်တဲ့အကြောင်း

အလကားနေ အလကား ခမ်းနားချင်ရင်
မင်္ဂလာဆောင်လိုက်
မစိုက်ဘဲတော့ လာပေါက်မနေနဲ့၊ ပြီး
မီးအပြောင်းကြီးနဲ့တော့ လာလာ လောင်ပြမနေနဲ့၊
ရင်ပူ ဖင်ပူ ရတာ မတန် မတန် မတန် ဘူး
မိန်းမယူတယ်ဆိုတာ အီဖော်လူးရှင်း
ထပ်ယူရင်တော့ ရီဖော်လူးရှင်း
လိုအပ်တဲ့အခါ ကဗျာက သမားရိုးကျစိတ်ကို
ဖွင့်လှစ်ကြည့်ဖို့
မလိုအပ်တဲ့အခါ တမာသီးထဲက အမှန်တရားကို
အီလက်ထရွန် မိုင်ခရိုစကုပ်နဲ့ ရှာဖွေဖို့၊
ကျွန်မသူ့ကို ဘယ်လိုကိုင်တွယ်ရမှန်းမသိခဲ့ဘူး
အမေရိကားက မွေးထုတ်လိုက်ပြီး ဆိုဗီယက်ကလာတဲ့
အညွန့်းခံတွေ, မလိုင်တွေ, အင်ဒင်တတီတွေ,
လူနေမှုစရိတ်တွေ, ကားဗီးယား ငါးဥ တွေ,
ခွေးချေးတွေ, ဘလိတ်ဓားတွေ, ကိုယ့်ကိုယ်ကိုသင်းနံ့တွေ,
ဆိုင်းဘုတ်တွေ, စစ်ဆန့်ကျင်ရေး ဆိုင်းဘုဒ် တွေကို
ဆယ်ဒေါ်လာနဲ့ အမြတ်တင်ပြီး လိုက်ရောင်းသူတွေ,
မှိုတွေ, ကတ်ကြေးတွေ, နျူစွမ်းအင်တွေ, ပြောက်အိုးတွေ,
တက်ရောက်ခဲ့သမျှပေါ်မူတည်ပြီး အနက်ရောက် မရောက်
ခေါင်းကို စမ်းကြည့်မိဖူးလား?
ခင်ပျားခေါင်းထဲမှာ စီးဆင်းနေတဲ့ အလကားနေ အလကား
သွေးတွေဟာ ဉာဏ်ရည်ပဲ ဖြစ်လိုက်ပါတော့၊ တောက်!!
အလိုလိုနေရင်း အစွဲအလမ်းတစ်ခုလိုလို ဖြစ်နေဖူးသလား?
မျက်လုံးဟာအသည်းယားစရာ
မီးတွေတအားလင်းနေသလား?
pubic အမွေးအမျှင် တွေဟာ

I Love You Baby ဆိုတဲ့ status ကို တင်ထားလား?
သူငယ်လိုင် စိတ်ဟာ ပင်လယ်ကူးသင်္ဘောကြီးကို
သူ့ဟာသူ မောင်းသွားဖူးလား?
အသာအယာခုတ်မောင်းနေတဲ့ အဖွဲ့အစည်းကြီး
သူ့ဘာမှ မလုပ်လိုက်သလိုမျိုး အဓိပ္ပါယ် တစ်ခုခုကို
ပြောပြနေတယ်
နားလည်ခြင်းဟာ နားမလည်ခြင်း တစ်မျိုးဆိုတာကို
ခင်ဗျား သိထားရင် ဒီလောက်
ပြောနေစရာ လိုမလား၊ မလိုဘူးလား၊
ခန္ဓာတစ်ခုနဲ့ တစ်ခုကြား ဖန်တီးထားတဲ့
နောက်ပြီး တားဆီးထားတဲ့ အဘိဓမ္မာ
လေကြောင်းဆိုင်ရာ ဝင်ခွင့်တားမြစ်ဇုန်ထဲက
တုံ့ပြန်ပုံထူးခြားတဲ့ မရမ်းစေ့ကြီးကြီးရောင်ကြွက်သားတွေ
ဘယ်ကိုဦးတည် ပြုတ်ထွက်ရမှန်း မသိဘူး
အဲဒီမှာ လောက်တွေ၊ ယင်ကောင်တွေ အုံကြွ နေတဲ့
မြင်ကွင်းထဲ
မျက်ရည်ယို ကိရိယာ တွေ၊ အပေါ်စား အမှုအမှုအမှု တွေ
လျှောက်ဝေ ပစ်ထည့် ပေးလိုက် တယ်
ညည အိပ်မပျော်တဲ့၊ သဒ္ဒါမမှန်တဲ့ အမျိုးအစားဟာ
ဘယ်ကလှည့်လာတာလဲ?
တစ်ကြောင်း...ပြီးတော့ နောက်တစ်ကြောင်း...
တဖြည်းဖြည်းနဲ့...တအိအိနဲ့...
သန်းတစ်ထောင်ထဲမှာ ချိုမြိန်ခြင်း ကို ဖိသွင်းလာတာ
မှန်ထဲကသစ္စာတရားကို မိတ္တူကူးဖို့စောင့်နေတဲ့
ပဋိသစ္စာတရားဟာ အကြမ်းဖက်သမားပဲ
ဒါနဲ့ ရုပ်ရှင်ထဲမှာ အကြမ်းဖက်သမားတွေ ငါးပိရည် နဲ့
ထမင်းစားတာကို ဘာလို့ မပြတာလဲ၊




သိုးနီညို

လူတန်းစားတစ်ရပ်လုံးကို စော်ကားတာ ဆိုတဲ့စကားကို
ရေဆွဲချ လိုက်တော့
လည်လည်လည်ပြီး၊ ကျင်းထဲ ဆင်းသွား၊ နောက်မှ
ပြန်လွမ်းလာသလို၊
နှစ်လုံးပြူးသေနတ်တစ်လက်ကအစ
ကျို့ကျို့မြည်ပတ္တာတွေအဆုံး
လျှော့ချလို့မဖြစ်တဲ့ မှတ်ဆိတ်မွေးတွေဟာ
အလေးချိန်မစီးဘူး
စိုက်ပျိုးမှုမြှင့်တင်အပြီးမှာ သူတို့ဟာ ခေတ်နဲ့
အတူစီးဆင်းနိုင်ပါ့မလား
ဆင်မြူခရမ် တွေဟာ ဖလင်ကင်မရာအဟောင်းတွေ၊
ကက်ဆက်တိတ်ခွေအဟောင်းတွေ ကြားမှာ

ဘယ်ဘက်က ရပ်ရင်
နွားပိန်ကန်မှာလဲ

ဆိုလားဖုန် ချဲ့ရေးအတွက် တစ်ကောင်ပြီးတစ်ကောင်
အမည်းတစ်စက်ပြီး တစ်စက်
မျက်တောင်တစ်ဖျတ်ပြီး တစ်ဖျတ်
အကျိုးဆက်အနေနဲ့ ပျံ့နှံ့တဲ့ တိရိစ္ဆာန်သတ္တဝါကြွမှု
ဝါးရခက်တဲ့ ရိက္ခာနည်းနည်း ခံတွင်းစိုရုံ ရေနည်းနည်း
ဘုရားဖူးကုလားအုတ်တွေ ဘာတူးသွားသေးသလဲ
အတွေ့အကြုံရှိရှိ ပြည့်အိဖြိုးမောက်နေတဲ့
ကိုယ်ကျင့်တရားကတော့
ဘယ်အချိန်မှာ ဘယ်သူ့ဆီက ဘာကိုယူရမယ်ဆိုတာ
သိတယ်
ပြောရရင် လူသားဟာ မွေးကတည်းက ပြည့်ပြည့်စုံစုံ
ဘာမှ ပါမလာဘူး
အံဆွဲထဲက နာရီထဲက လေထုထဲက အချိန်ထဲမှာ
အဖိုးအထိုက်တန်ဆုံးအရာတွေကို ခါချပြီးရင်း ခါချနေတဲ့
ယန္တရားကြီးနဲ့
ကျေနပ်မှုကို မခံစားရဘူး
ဆိုတဲ့ အသံတွေ ဌာန်တွေ ကရိုဏ်းတွေ
အဲဒီနေ့ကစပြီး နောက်တစ်ခေါက်
ပြန်ရောက်မလာတော့ဘူး
ခုန်ခုန်ထနေတဲ့ ဝဲဂယက်သေးသေးလေးတွေ
ဖွက်ထားတဲ့ ကျောပြင်တွေ
မြန်ဆန်လွန်းတဲ့ အမည်တွေ
တစက်စက်ကျနေတဲ့ အရသာတွေ
တဝီဝီ ယင်ကောင်တွေ
ကြမ်းပြင်ထက်မှာ စိတ်ဟာ ကြာပွတ်တစ်ချောင်းလို
ဖြောင့်ဖြောင့်တန်းတန်း မပျံနိုင်ဘူး
အံ့အားသင့်ဖွယ်ဖြစ်မှုဟာ အခွင့်အရေးတို့ တာဝန်တို့နဲ့

ရောထွေးနေတတ်တယ်
ဝါကျတစ်ကြောင်းဟာ သာယာမှုတစ်ခုပါပဲ
တစ်ခုထက်လည်း ပိုကောင်းပိုနိုင်တယ်
ကဖေးဆိုင်တွေမှာ ဒီသတင်းကို ပြောဆိုနေကြတယ်
အချို့လူတွေဟာ လွတ်လပ်ပျော်ရွှင်စွာ
လျှောက်သွားနေကြ၊
သွားပေါ့ ၊
ဖရဲသီးအစိတ်တွေကို ကိုက်စားတာက အစ၊
အသေးစားချေးငွေ လုပ်ငန်းတွေအဆုံး
ကြည့်မှန်ထဲမှာ ကိုယ့်ကိုကိုယ် မြင်လိုက်ရတာကို
လျှောက်ပြောတာလောက်
စိမ်းနေအောင် ပြုလုပ်တာ မရှိဘူး လို့ ဘာလို့
သမီးငယ် လျှောက်ပြောတာလဲ
လမ်းဘေးပလက်ဖောင်းမှာ ထိုင်နေပြီး ရွေ့သွားတဲ့
မိုးတိမ်မဲမဲတွေကို စိုးရိမ်တကြီးနဲ့
လျှောက်လျှောက်တွေး
လှမ်းမှာလိုက်တဲ့ အစားစာတွေ မအေးခင်၊
အအေးတွေ မပူခင်၊
ထထပြေး၊
အဲဒါ မနေ့က စိတ်ပူခြင်းတွေ၊ လူသားဟာ လူသားကို
ပြုပြင်လို့မရမှန်း
မုန့်စိမ်းပေါင်းကျွေးပြီး လူသားဟာ လူသားကို
ဖန်တီးလို့ရမှန်း
ဓာတ်ကြီးလေးပါး ကိုယ်စားပြု အဒေါ်ကြီး
တစ်ယောက်ဟာ ဘာဖြစ်လို့
ကျွန်တော့်အလောင်းကောင်ပေါ်မှာ
ခြေထောက်တစ်ဖက်တင်ပြီး ပြုံးပျော်ကြည်နူး ခါတ်ပုံ

pemskool.org

သိုးနီညို

အရိုက်ခံခဲ့တာလဲ၊ ခွီး၊
ဆင်နင်းပြီး မြင်းကန် တာလောက်တော့
မြင်သွားချင်သေးတယ်ဆိုပေမယ့်
အထပ်သန်းတစ်ရာ လောက် လုံးလည်ချာလည်နေအောင်
အုပ်ထားတဲ့ အရာတွေမှာ
ဘယ်အရာတွေဟာ မူလ ဆိုတာ
ပြောရရင် သေရင်တောင်လူတွေဟာ ဘယ်တော့မှ
ပြည့်ပြည့်စုံစုံ ဘာမှ ပါမသွားဘူး
ရာဇမတ်ကာ သဲဖြူခင်း ပြီး ရပ်ဘီဆော့
နေခြင်း ကို စိတ်ညစ်ခြင်းအခွံထဲမှာ မင်းဆီက အလင်းတွေ
အချင်းတွေ
ဘာမှ မမျှော်လင့်ရဲ တော့ဘူး
ကျွန်တော်တို့နဲ့ အတူ ခင်ဗျား လိုက် ဒွန့် မှာလား
လင်းပိုင်ဟာ ချေးကနေ ဆင်းသက်လာတယ်
ဘယ်သီချင်းမှ အနှောင့်အသွားမလွတ်တော့ဘူး
လျှောက်လွှာတင်တာ စကေးလ် မလိုဘူး တစ်ခုခုတွေဟာ
ဗိုက်ဆာလာပြီ
မီးအေး မရှိတဲ့အတွက် မီးပူ ဟာလည်း မရှိနိုင်ဘူး
ကြွက်တွင်းထဲက မြေအောက်ထဲက အိမ်ပေါ်မှာ
ဒစ်ဂျစ်တယ် ဒိုင်ခွက်ထဲက
အချိန်ဟာ အဲဒါဘယ်သူ့အပြစ်လဲလို့ မေးလိုက်တယ်
တို့အိမ်အပြစ်ပေ့ါကွယ်

အကြီးဟာ အကြီးဇယား

အသေးဟာ အသေးဇယား လို့

ခင်ပျားခွဲဖို့ခြားဖို့ ခက်နေပြီလို့

ဝန်ခံရင်

pemskool.org

သိုးနှီညို

လူကြီးလူကောင်းစိတ်မှာ နှုတ်ခမ်းဟာ ကွဲနေတယ်
ဘယ်လိုတံဆိပ်နဲ့ဖြစ်ဖြစ် ကွန်ပစ်လို့ဖမ်း ခင်ဗျား
ဂုဏ်တော်များစွာ၊
ပြူရီတန် အစဉ်အလာ၏ နိဂုံး
ပန်းခြံကိုရောက်တော့
နီယွန်မီးချောင်းများကို
မှားယွင်း အဓိပ္ပါယ်ကောက်ယူခြင်းများ
လည်းမရှိနိုင်တော့
အားတဲ့အခါ အချိန်ပိုင်းသင်ကြားပေးတဲ့ လော့ရင့်စတန်း၏
အမည်းရောင်စာမျက်နှာ
လူ့ဘဝဆိုတာ (ဘယ်လိုတံဆိပ်နဲ့ဖြစ်ဖြစ်)
အပြီးအပိုင်ပိတ်ထားတဲ့ ရေတစ်ဝက်ပဲ ပါတဲ့ ရေသန့်ဘူး
အမြော်အမြင်ရှိတယ် ပြောရမှာပဲ
ညဟာ မနက်ကို တစ်လုံးတစ်ပါဒမျှ မမှတ်မိသလို
အရောင်တွေ အနည်းဆုံးသူကို နာမ်စားပြောင်းပြီးခေါ်တယ်
အနည်းဆုံးဝါဒီတွေဟာ အရောင်တွေကို
နာမ်စားပြောင်းပြီးခေါ်ခဲ့လား
"အဲဒီမှာ ကျနော်ဟာ ရှုးသွပ်ခြင်းနဲ့ မရှုးသွပ်ခြင်း
တို့ကြားမှာ ခြားနားချက် သိပ်မရှိပါလားဆိုတာသိခဲ့ပြီး"
(ရောဘတ်ရှိဆင်ဘတ်)
ပေါ်သွပ်ခြင်းကို ခင်ဗျား ငွေဘယ်လောက်နဲ့ ဝယ်၊
XML ဟာ ဘာသာစကားကို နံပါတ်တပ်ပေးလိုက်တယ်၊
အကွင်းအကွင်းတွေနဲ့၊
အောက်ခြေမှာ နေရာလွတ်တွေ ရှိသေးတယ်
ညဘက် လမင်းကြီးကို မော့မော့ကြည့်၊ တစ်ခွက်မော့၊
ဖီးလ်တွေတက်၊ ရှိမန်တစ် ဟာ ဘယ်တော့မသေဘူး
ကဗျာရဲ့အရသာကို ငါသိသလို

အမေဟာ
သဘောသားတွေအတွက် အရက်ဘားဖွင့်ထားတယ်
အိုင်ကျူစစ်ပြီးမှ လက်ခံတော့
မိတ္တူစက်တွေကြားမှာ တေလေ မိတ္တူကူးနေတယ်၊
စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက်
ဟိုလူအကြောင်း ဒီလူအကြောင်း
ခင်ဗျားအကြောင်း ကျနော့်အကြောင်း
တေလေအကြောင်း တစ်ရွက်မှ မပါလိုက်ဘူး
အသုံးမကျလိုက်တာ
တွေးခေါ် ဉာဏ်ဆိုတာ ယောကျာ်း
ပိုက်ဆံအိတ်ထဲကနိုက်ယူလို့မရလို့
မိန်းမဆန်ဆန် စကားလုံးတွေနဲ့ သွေးအေးတယ်
ပြောရမှာပဲ
မျှော်စင်ဟာ ဂေးတွေ ကိုကျ ဘာလို့ ကိုယ်စားမပြုတာလဲ
တော်တော်ခက်ခဲတဲ့ မေးခွန်းတော့ မဟုတ်ဘူးရယ်
မ ဆန်မှုဟာ ဒီဗူးဝါး ရဲ့ ဆံထုံးကို အနောက်ကနေ
ဆောင့်ဆွဲ
ပုံဖျက်ထားတဲ့ တေလေ့ အတ္တတွေကြားမှာ
ဒုက္ခတစ်ခုပဲ ချစ်ခြင်းထဲ ထည့်ထားတာပါ
ကြုံရတတ်တဲ့အကျိုးဆက်တွေပေါ့ကွာလို့ ပြောပြီး
(ကွန်ဖြူးရှပ်အကြောင်းကို ဟိုကဗျာထဲကနေ
အတင်းဆွဲထုတ်သွားတာ)
ဟော့ . . ခင်ဗျားပြုံးလိုက်တဲ့
အပြုံးတိုင်းဟာ တေလေ့ နလုံးသွေးတစ်စက်စီပဲ ဆိုတာ
မမေ့နဲ့
ကောင်လေးရေ . . ခင်ဗျားလက်နဲ့ ဆွဲဆုပ်ချေမွထားတဲ့
မိတ္တူတစ်စောင်ဟာ တေလေပါ

[ရည်ညွှန်း - ဘာပဲပြောပြော မိတ္တူစက်ကတော့
ဆက်လက် ခုတ်မောင်းနေဆဲပဲ  - တေလေ
ဆိုးရွားစွာထိခိုက်စေနိုင်ပါသည် ]
တန်ရာတန်ကြေးကတော့ စိတ်ကူးတွေကို ပရုဖ်
ဖတ်ကြည့်ကြတယ်
စစ်တုရင် ကစားပွဲတွင် Deadlock တစ်ယောက်တည်း ဖြစ်၊
ဘယ်နှစ်ယောက်ဖြစ်ချင်သေးလို့လဲ
ဘန်စတိုင်းန်ကတော့ စိမ့်ဝင်ပျံနှံ့လွယ်တဲ့
အမျိုးသမီးလစဉ်သုံးပစ္စည်းတွေကို ဆန့်ကျင်တယ်
(မင်းရဲ့လွတ်လပ်ခွင့် မင်းရဲ့အခွင့်အရေးပဲ)
အဲဒါတွေဟာ ခင်ဗျားတို့ကို ရူးခပ်ကျွေးမွေး၊
မြိန်ရည်ယှက်ရည် အစိပ္ပါယ်ပေးတာကိုး
တစ်ခုခုကို ဘာသာစကားနဲ့ ဖော်ပြခြင်းမဟုတ်ဘဲ
ဘာသာစကားကို တစ်ခုခုဖော်ပြစေခြင်း
"စော်" ကို ပြန်သွားကြစို့။ "စော်" နဲ့ ဘာကိုပဲလုပ်လုပ်၊
( အမြင်မှာ အခြေခံပေးတဲ့သူ့ Context
အတိုင်းတော့မဟုတ်ဘူး )
စော်ရဲ့ ကိုယ်ခန္ဓာဖြစ်တဲ့ ဘာသာစကားကို မီးမောင်းထိုး
လေ့လာသုံးသပ်ရတော့မှာ၊
ရည်ညွှန်း - ဇေယျာလင်း၊ ဘာသာစကားကဗျာနှင့် . . .
ထောက်ခံရင်း တခြားတစ်ဖက်က ကြည့်တာပဲ
ပိုက်ဆံဟာ ကန့်လန့်ဖြတ် အသိကို နွားနဲ့
ဖြတ်ဖြတ်ရိုက်တယ်
ဒါပေတဲ့ ငွေ့ါကို နွားနို့ကောင်းကောင်း တိုက်ရမယ်လို့
မင်းပြောတော့
ငါက အနုပညာကို အရေပြားတွေကြား လိုသလို
ဖြန့်ခင်းတဲ့ ဝါသနာတော့ ဘယ်ပါမလဲ

မွေးရာပါ အရေပြား ဟာ ပိုနေတယ်လို့ သိလျှင်သိချင်း
ခင်ဗျား ဖြတ်ပစ်ခဲ့တာကျ ??
ခြောက်ကပ်တဲ့ အာရုံထဲကို ချွဲကျိနေတဲ့ လျှာထိုးထည့်လိုက်
ခင်ဗျား ရဲ့ perception ဟာ သစ်ပင်ပေါ်
တွယ်တက်သွားတယ်
လိုက်တာမလိုက်တာက အမြင်ချင်းမတူတာ
နာကျဉ်းအောင် ကြာပွတ်နဲ့ ရိုက်နက်
စိတ်ရှုးပေါက်ရာပြုလုပ်တတ်တဲ့
ခွေးသမင်စပ် ဟာ
ကြောင်နှုတ်ခမ်းမွှေး ကို ဖြူစေတယ်
သုံးဆယ်မိနစ်ကြည်ကြည် လောက်အတွင်းပေါ့
အမျိုးအစား သန်းနဲ့ချီပြီးရှိတာပဲ
ဟဲဟဲ . .တီကောင်ကြီးက အဖိုပါ။

Jonathan Culler ရဲ့
ပေါင်တံတွေကို
ဒီကွန်စရစ် လိုက်တဲ့အခါ

pemskool.org



မဖြေသင့်တာကို
လျှောက်မပြောပါနဲ့လို့ တားတာလည်း အခါခါ နဲ့
အကြောင်းကြောင်းရှိပြီ၊
ကော်ဖီဆိုင်မှာ ကော်ဖီသောက်သလောက် စိတ်ဖွဲ့စည်းပုံ
မသိမ်မွေ့နိုင်တော့ဘဲ
ကြည့်ပြီး ပြုံးပြရင်း
ပလတ်စတစ်အိတ်တွေဆီက
အနံ့ဆိုးဟာ ကွန်ဖြူးရှပ် ရဲ့အမျိုးတွေ ထဲက
ငအို၊ ငမင်းတွေကို သယ်ဆောင်၊ နေ့နဲ့ ရက်ကို
ပုံသဏ္ဌာန်ပြောင်းပြီး ထပ်ပြောမယ်၊
တောင်းပန်ပါတယ်၊  စိန်တွေကိုတော့ ချမ်းသာပေးပါ၊
"တစ်မြို့လုံးကို ဆီတွေသုတ်ပြီး
ထွက်ပြေးသွားလိုက်ကြတယ်"
အယူအဆ တွေဟာ  ဖန်ခွက်၊
ဆတ်ခနဲ မျက်နှာကို ဂါဝန်အောက်ထိုးထည့်လိုက်တယ်။
ဘာမျှထွေထွေ ထူးထူးမပြောဘဲ
ကြည့်မကောင်းသော ဝိရောဓိများများသာ ဖြစ်ပါတယ်ဆိုပြီး
ရန်ကုန်မြို့ထဲ က ကောင်မလေးတွေ ရဲ့ သမိုင်းဟာ
ကောက်ကြောင်းမှာ ဆုံးသွားတာလား။
ဘေးအိမ်မှာ မြင်နေရတဲ့ခေါင်းမိုးဟာ
ညဘက်တွေ ဆို အကြီးအကျယ် တုန်နေတယ်။
ဂျွန်ကေ့ချ်ရဲ့ အသံတွေ။
"ဟိတ် . . ကောင်မလေး"
ကြည့်ပြီး ပြုံးပြရင်
မြင်ရဲ့မဟုတ်လားလို့ သင်ကြားကြည့်ကြစမ်း
ကွန်ဖြူးရှပ်က
အချိန်မရဘူးဆိုတဲ့ စကားပဲ ပြောတတ်တယ်။

အဲ့ဒါ   ကျွန်တော်တို့မိသားစုအားလုံးထိုင်ကြည့်စရာ
အောက်မှာနေရာလွတ်တွေ အပုံကြီးရှိနေတယ်လို့
သတိပေးတာပဲ။
ကောန်တက်(စ်)ကတော့ မတူဘူးပေါ့။
ရထားလမ်းဟာ မျဉ်းပြိုင်နှစ်ကြောင်းဖြစ်လည်းပဲ
ခင်ဗျားတစ်သက်လုံး ခွပြီး ပြေးနေရမှာပဲ၊
မျဉ်းပြိုင်တွေဟာ ဂေါ့ဖ်ရိုက်ရသလိုပဲ၊
အဲဒီတစ်ယောက်ပေါ့၊
လှယဉ်ကျေးမယ် ပြိုင်ပွဲတွေမှာ သူ့ခေတ်ပြိုင်တွေနဲ့
မယှဉ်ပြိုင်နိုင်တဲ့ သူလေ။
လှယဉ်ကျေးမယ် anthology ထုတ်တိုင်း
ဘေးထုတ်ခံခဲ့ရသူပေါ့။
“အဲဒီ အယ်ဒီတာတွေရဲ့ မျက်စိထဲမှာ ဒါတွေဟာ  ဆုရဖို့
မပြောနဲ့၊  လူ စာရင်းတောင် ဝင်ရဲ့လား”
“ဒီမနက် ဂျလန်း နှစ်နားညီ တြိဂံတစ်ခု ဟာ
ဟက်ဘိတွေမြန်ပြီး ငေါ့ ဘော်ဒီကို နာအောင်
လာကလိသွား” (နာဒါဂေါ်ဒွန်)
စစ်အေးကာလရဲ့ အတွေ့အကြုံတွေကို ဘယ်လို
ဖော်ပြနိုင်မလဲ?
ဒါကတော့ မိန်းမယူမိတဲ့ လူတွေနဲ့ ရယ်ဒီမိတ်တွေရဲ့
ငုပ်နေတဲ့ အကြောအမြစ်
စကပ်တိုတိုလေးတွေအောက်မှာ ရေမဆေးရသေးသလို
“အစင်းကြောင်းတွေနဲ့”
စော်တွေရဲ့ ဘော်ဒီကို မိမိရဲ့ အနီးအဝေး
ပါစပက်တစ်ရှုထောင့်မှ
တည်ဆောက်ယူခြင်းသာဖြစ်ခြင်း၊
နှစ်နားညီ ပေါင်တံ တြိဂံတွေ၊

pemskool.org

သိုးနီညို

ဘော်ဒီတွေအားလုံးဟာ
အမှတ်အသားတွေနဲ့ဖွဲ့စည်းထားပြီး၊
နောက်ဆက်တွဲအကျိုးတရား
အမှတ်အသားတွေဟာ
အခြားအမှတ်အသားတွေကို ပြန်ပြန်ညွှန်း၊
အစေ့ကလေးတစ်စေ့ကတော့
အမြဲစိမ်းတောနက်ကြီးကို ပြန်ညွှန်း၊
ကောက်ကြောင်းတွေမှာ အဆီတွေ စပြည့်လာတယ်၊
တဖြည်းဖြည်း ကောက်ကြောင်းတွေဟာ ဘော်ဒီတွေကို
မညွှန်းတော့ဘူး၊
ဘော်ဒီတွေဟာ စော်တွေကို မညွှန်းတော့ဘူး၊
ခေတ်ရေစီးဟာ ဘယ်တော့မှ ပြန်အမ်းစရာ မရှိနိုင်ဘူး၊
ခေါင်းမှာ ခေါင်းစီးကြီးစီး၊ နံရံမှာ စာသားတွေ ကပ်ပြီး၊
စာ တွေ စကျက်တယ်။
ပြောသားပဲ၊ အဓိပ္ပါယ်ဟာ စကားလုံး မှာ မရှိဘူး လို့၊
ပြောရရင် ဒီလိုကိစ္စတွေမှာ ရှက်နေလို့မဖြစ်ဘူး
ပါဝါမျက်မှန်ချင်းမတူလည်း  ကိုယ့်အဓိပ္ပါယ်ကတော့
"မူရင်း"အတိုင်းပဲ
"ပတ်သက်ခဲ့တဲ့ မဟာဗျူဟာပိုင်းအရ
အန်တီ့ အဝတ်အစားတွေ ချွတ်လိုက်ပါလား"
ခင်ဗျားပါးစပ်ထဲမှာ မတ်တပ်ရပ်နေခဲ့တဲ့ ကွန်ဖြူးရှပ်ဟာ
(အသည်းနှလုံးနဲ့ မိဘမေတ္တာကို နေ့စဉ်ထိုင်ကြည့်ရင်းက)
ခင်ဗျားကို အော်ဆဲပြီး နျူးယောက်ခ် လစ်သွားပီ ။ ။ ။


## မှုန်ဝါးမှု နဲ့ ကြည်လင်မှုဟာ

## ဘာသာစကား

## ပြင်ညီတစ်ခုတည်းမှာ

အခေါ်အိုင်အိုင် အတွေးကျူကျူ
စာလုံးရေဘာယ်လောက် မိနစ်ဘယ်လောက်
ကျရောက် ရရှိမယ်ဆိုတာ
အမြဲတမ်း အသားတက်ဖို့ အစစ်အမှန်ပြုဖို့
အလန့်တကြားဖြစ်ခြင်း
ရာသီဥတု အပြောင်းအလဲ
ဟော... ရထားခုတ်မောင်းသံဟာ
သွေးရူးသွေးတန်းအမူအရာတွေနဲ့
ခုချိန်အထိ လိုက်တာ မလိုက်တာက
အနုပညာကို ရယ်ဒီမိတ်လိုဝတ်လို့ ရမယ် မရမယ်ဆိုတဲ့
မေးခွန်းပဲ
ကဗျာရဲ့အရသာဆိုတာ
ဘာသာစကားနဲ့ ဘာသာဗေဒအကြောင်း
အခြားတစ်ဖက်က ကြည့်တာပဲ
အရှိန်နဲ့ ပြေးနေတဲ့ လျှပ်စစ်ရထားပေါ်မှာ
အဆက်အသွယ်ကောင်းရင် အောင်မြင်မယ်
အခြေခံဖွဲ့စည်းပုံမှာ ဖြည့်နိုင်တဲ့နေရာလွတ်တွေ
ချုပ်ရိုးတွေ ပန်းတွေ အရောင်တွေလည်း
အများကြီးရှိနေသေးတယ်
အဆောက်အအုံထဲက လာတာမဟုတ်ဘူး
အချက်အလက်ထဲက လာတာတဲ့
တစ်စုံတစ်ရာကို ပေးစွမ်းနိုင်သောကြောင့်
လွယ်လွယ်လိုက်ဖမ်းလို့မရဘူး
အခုလည်း အလုပ်သဘောအရ စနစ်တကျ
အကွက်ချစိုက်ထားတဲ့ ပလက်ဖောင်းပေါ်
ကွယ်နေတဲ့ သစ်ပင်အကြောင်း သတင်းဖလှယ်တာပဲ
လစ်ဟာနေခဲ့တဲ့ ကွက်လပ်တွေကို ဖြည့်ကြည့်ရသလိုပဲ

ယေဘုယျစံ ယေဘုယျစနစ် သီးခြားစံ သီးခြားစနစ်
အပိုင်းအစ အပေါင်းအစုအများကြီးဟာ အတွင်းသားမှာ
တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆင့်ကဲဆင့်ကဲ
မှီတွယ်စီးဆင်းနေတယ်
အစဉ်အလာ မှန်သမျှဟာ သေဆုံးနင့်ခဲ့ကြပြီ
အသစ်ဖြစ်ခြင်းတစ်ခုသာ အဖန်တလဲလဲ အတားအဆီး
မရှိဘူး
အတွေ့အကြုံတွေဟာ နယ်နိမိတ်ကို မစဉ်းစားကြတော့ပဲ
မြူလိုလိုဘာသာစကားကို
ကိုယ်နှစ်သက်ရာ ကာမဂုဏ်အာရုံတစ်ခုအနေနဲ့
အထူးချိုမြိန်လာကြတယ်
အပြင်မှာ နေမဝင်သေးဘူး
အနော်ရတာလမ်းမ (ယခင် ဖရေဇာလမ်းမ ) ပေါ်မှာ
လူတစ်ယောက်
အတွင်းနေဝင်ခြင်းနဲ့ သူ့ကိုယ်ထဲမှာသူ
နေဝင်နေလိုက်တာများ တစ်နေကုန်ပဲ မဆုံးတော့ဘူး
ကြာတော့လည်း သိတဲ့အတိုင်း အဲဒါတွေက
ပျင်းစရာ
ရင်းစရာ
မကျန်တော့သမျှ လျှောက်လျှောက် လှုထားသမျှ
နောင်ဘဝ အတွက်ထက်
ကိုယ့်မျက်စိရှေ့မှာ ဖြစ်ပျက်နေကြ၊
သနားစရာ အိမ်ထောင်တွေကျ၊
 အဆက်အသွယ်တွေ ကိုယ့်နားထဲမှာ ကိုယ် ပြတ်ပြီး
ရထားလမ်းချော်သွားပါသဖြင့်
မနက်တုန်းက ခါတ်ပုံတင်တဲ့ကြိုးလေးကို
ဘယ်နားမှာထားတာ က အစ၊




သိုးနီညို

အချစ်ဆိုတာ ကို ဘယ်တော့မှ
ဒစ်ရှင်နရီ အသေးစားကလေးနဲ့ မဖွင့်ဆိုဖို့
ခင်ဗျား ကျွန်တော့်ကို လာမှာကြားသွား၊
အဆုံးပြန်မေးကြ၊ မြန်းကြ၊ သဘောတရား
စာသင်ခန်း၊ အလုပ်၊ မစ်စ်ဆန်ဆန်လူသားရဲ့
အခြေခံ ဇီဇ စိတ်ဟာ ခွေးတစ်ပိုင်း၊ ဖားတစ်ပိုင်း၊
လစ်ဟာမနေတဲ့ (ကျပ်ကျပ်တင်းတင်းဖြစ်နေတဲ့)
ကွက်လပ်ကို အသာကလေးထိုးသွင်းပြီး
ဖြည့်လိုက်ရသလိုပဲ
တစ်ခုနဲ့ တစ်ခု အပြန်အလှန် ဆင့်ကဲ ဆင့်ကဲ
နေကြတယ်၊ အဖြစ်/စက်ဘီး အပျက်များ
တစ်ပတ်လည်ပြီးမြောက်သည့်အချိန်၊
ကွေးသော သဘော မဆန့်မီ၊
မြေမပြိုအောင်ထောက်တဲ့ နံရံ
ရှုထောင့် ကနေ လှမ်းကြည့်တော့
အကုန်လုံးဟာ ဆန္ဒင်မကောင်းပုံစံ ကြီးတွေနဲ့၊
မီးအိမ်၊ ခန်းဆောင်၊
ဇီဇဟာ ယဉ်ကျေးမှု တွေကို မေးခွန်း အမြဲထုတ်နေတယ်၊
ဇီဇလက်နက်တွေကို သိုလှောင်မှုနဲ့ ခင်ဗျားကို သူတို့
ဆွဲစိ ပလိုက်ရင် ဘယ်လိုလုပ်မလဲ၊
ကဲ၊ ဘာသာစကားဟာ ဇီဇ ထဲမှာ
အိပ်ရာပေါ်မှာ လူ အသားအစုအပုံလိုက်ကြီး၊
ဟိုကောင်တွေ သက်သက်ပြောတာ၊
တုန့်ခနဲ ရပ်ပစ်လိုက်ခြင်း မပြုပါနှင့်၊
အနောက်ကနေ လာဝင်ဆောင့်မယ့် အစဉ်အလာဆီမှာ
အဲဒီလို ရပ်တွေချည်းပဲ။

ချစ်ခြင်း/မုန်းခြင်း
မရှိသောသူတို့အား
အနှောင်အဖွဲ့တို့သည်
မရှိကြကုန်။

pemskool.org



ကြားရမြင်ရတဲ့အတိုင်း ကြုံရတွေ့ရတဲ့အတိုင်း မှတ်မှတ်ရရ အခြေအနေတွေမှာ နာမည်ကို သိနေပြီး နာမည်တောင် မသိဘူး။ သူက ကျွန်တော့်အိမ်မက်လို့ ဆိုရမယ်သာ ဆိုတယ် အမှန်ဆို သူနဲ့ကျွန်တော်က ဘာမှမဟုတ်ဘူး။ ကန့်သတ်ခံလိုက်ရတာကို ဘာလို့ကြေကွဲနေမှာလဲ။ ခြေထောက်တစ်ဖက် ဖြတ်လိုက်ရတာ သတိထားမိတယ်။ မရယ်စရာမှန်းသိရက်နဲ့ပဲ စိုးရိမ်ရတဲ့အခြေအနေ မဟုတ်တော့ သိပ်ဂရုမထားမိဘူး။ သူ့ခြေတစ်ဖက် ပြတ်တော့မှပဲ ကျွန်တော်လည်းဒိုင်ယာရီဟောင်းလေး ဘာလေး ပြန်ဖတ်ပြီးမှ ပြန်အမှတ်ရတယ်။ မေ့လိုက်မယ် မဟုတ်လား။ တစ်နေ့ပြီးတစ်နေ့ မင်းငါ့ကိုမှတ်မိ သေးလားဆိုတော့ သူ့အတွက်သူစိမ်းလိုပဲ ဖြစ်နေမှာ။ ကျွန်တော်လည်း အဲလိုပဲ ခံစားမိတယ်။ ဒဏ်ရာတွေဟာ အတိမ်အနက် မတူတာကလွဲရင် နာတာဟာ နာတာပဲပေါ့။ ခြေတစ်ဖက် ဖြတ်လိုက် ရတဲ့သူက ဘာစကားပြောရမလဲ။ ဘယ်သူပြောလဲဆိုတော့ ကျွန်တော်လည်း ပြန်ပြောလိုက်တယ်။ ဟားဟားဟား ရယ်တော့ရယ်စရာပဲဟေ့။ ခြေတစ်ဖက်မရှိတော့တဲ့သူ ဆိုတော့ သိပ်တော့ နားလည်ပုံ မပေါ်ဘူး။ စိတ်မကောင်းစရာပဲ။ သူနဲ့ စကားပြောရတာ နည်းနည်း တော့ ရယ်စရာ ကောင်းတယ်။ ဒါပေမယ့် အခုမရယ်နဲ့ဦး။ ခြေတစ်ဖက် မရှိတာတောင် မေ့နေပုံရတယ်။ ခြေတစ်ဖက်မရှိ တော့တဲ့အတွက်တော့ ဝမ်းသာပေးရ မလား၊ ဝမ်းနည်းပေးရမလား မဝေခွဲတတ်ဘူး။ အခြားရွေးချယ်စရာ လမ်းမရှိတဲ့ဘဝမှာ ကျွန်တော်လည်း အင်းလုပ်၊ အဲလုပ်ပဲ နေလိုက်တယ်။ မှတ်မိနေတဲ့ ငယ်ငယ်တုန်းက အကြောင်းတွေ ကုန်သလောက် ရှိသွား

တာနဲ့ အရင်လိုမဟုတ်တော့ဘူး။ တိတ်ဆိတ်မှုဟာ စိတ်ရဲ့အနက် အရှိုင်းဆုံးမှာ။ မနက်ဖြန်က ဘယ်လောက် သေချာသလဲ။ ပြန်ပြီး စမြုံ့ပြန်ရရင် လောလောဆယ် မရယ်နိုင်သေးတော့ အရင်ပုံစံ အတိုင်းပဲတဲ့။ မကြာတော့ပါဘူး။ တစ်စစီပြိုကွဲချိန်တိုင်အောင် ရောက်လာလိမ့်မယ်။ ကြောက်ရွံ့နေစရာ မလိုပါဘူး။ စံပယ်ရုံတွေရောလို့ ထပ်မေးတယ်။ အဖြူရောင်ဆိုရင် အမည်းစက် တင်ပေးချင်တဲ့ သဘာဝတရားထဲမှာ။ မရှိတာတွေကို ရေတွက်တဲ့အခါတိုင်း ဘာမှသိပ် ပြောင်းလဲတာမျိုး မရှိသလိုပါပဲ။ ဘဝကို ဖြေလျှော့ ကြည့်ဖို့ ကောင်းကင်ကို မော့ကြည့်လိုက်တာ နေက တော်တော်ပြင်းနေပြီး ခေါင်းကထိုးကိုက်လာတယ်။ နာကျင်မှုဆီ ခဏ ပြန်သွားကြည့်ချင်တဲ့ စိတ်တော့ ပေါ်မိတယ်။ ဒါပေမဲ့ ပြန်လို့မှ မရတော့တာ။ သိပ်အဝေးကြီးကို မသွားချင်ဘူး။ မြန်မြန်သွားလိုက်ကြရအောင်လေ။ ဒါလေးကိုပဲ မှီခိုအားထားနေရတာ။ အခုလို နေ့တိုင်း ငုံ့ကြည့်နေချင်ရုံလေး သက်သက်။ ကျွန်တော်ရဲ့ နေ့စဉ်ဘဝ ဒုက္ခတွေအတွက် အမေ့က ကျွန်တော့် ကို မွေးရာပါ ခြေနှစ်ချောင်းပေးခဲ့ဟန်ပဲ။ ကျွန်တော်ပြန်ပြောပြတယ်။ ကျွန်တော် ငိုချင်တာတော့ မဟုတ်တာ သေချာတယ်။ ကောင်းကင်ကို သေသေချာချာ မော့မကြည့် ဖြစ်တာ အရမ်းကြာခဲ့ပြီ။ ကြာဆို၊ ကျွန်တော် ခြေထောက်ကြောင့်တော့မဟုတ်ဘူးလေ။ ကျွန်တော်ဟာ သူ့အတွက် မွေးပါရာ ခဲ့တာမဟုတ်ဘူးဆိုတာကို သူ သေချာ ရှင်းပြလည်းပဲ၊ အဲဒါကို သူသေချာ မသိဘူး။ သူ့အတွက် ကျွန်တော် မွေးဖွားခဲ့တယ်ပဲ သူ့ မသိစိတ်

ထဲကနေ ထင်နေမှာပဲ။ မသိဘူး။ မမိဘူး။ ငယ်တာကိုး။ အဲဒီတုန်းကငယ်ရွယ်ပျိုမြစ်တဲ့ နာကျင်မှုတွေဆီကို ပြန်သွားချင်တယ်။ ပြန်လို့ ရကောင်း ရလိမ့်မယ်။ ဒါပေမဲ့ ငယ်ရွယ်တော့မှာ မဟုတ်ဘူး လို့ ခင်ဗျားတို့ ထင်တားအတိုင်း လည်း ဖြစ်နေမှာပဲ။ အဲဒါဆို ဘာလို့ ရယ်ချင်ဦးမှာလဲ။ ကျွန်တော် မောင်းထုတ်ခံ ထိတာဟာ ဘေးထုတ်ခံ ထိတာထက် ပိုဆိုးတယ်လို့ ခင်ဗျားတို့ထဲကို အဓိပ္ပါယ်တွေ မောင်းသွင်းဖို့ ဒီစာသားတွေကို ဖြန့်မှု ဝေမှု လုပ်နေရတာပဲ။ ကြာပြီ။ သိပ်တော့ မကြာသေးဘူး။ ကျွန်တော့် ခြေတစ်ဖက် ပြတ်တော့မှပဲ သူလည်း စာအုပ်ပုံတွေကြားမှာ ဒိုင်ယာရီ အဟောင်းကို ပြန်ရှာနေတယ်။ အမှန်တော့ အဲဒီလို မလုပ်သင့်ဘူး။ ဟုတ်တယ်မလား။ ဒဏ်ရာတွေ နာခွင့် မရှိတော့ ခေတ်ကြီးမှာ မင်းနဲ့ငါ မွေးဖွားခဲ့တယ် စည်သူမြင့် လို့လည်း ကျွန်တော့်အနေနဲ့ မညည်းတွားဖူးတာ အမှန်ပဲ။ အမှန်တော့ ပြောပုံဆိုပုံတွေ အယူလွဲသွားတာ။ ကျွန်တော်ဆို သူနဲ့ တူတူအိပ်ခဲ့ဖူးတဲ့ အချိန်တွေတိုင်း ဘာသာရေးအကြောင်းတွေ အလေးအနက်ပြောဖြစ်တယ်။ မောင်…တစ်နေ့ ဘုရား(သခင်)တွေဆီ ပြန်လာမှာပါ ဆိုတာ မျိုးတော့ မဟုတ်ဘူး။ သူကတော့ ကျွန်တော် အဲဒီလို ပြောဖူးတယ်လို့ ပြောတယ်။ ကျွန်တော် မသိတော့ဘူး။ အဲဒီတုန်းက ကျွန်တော် ရနေတာ စံပယ်ပန်း အနံ့တွေ။ ပန်းကုံးဆီက မဟုတ်ဘူး။ ပန်းရုံဆီက လာတဲ့ အနံ့မျိုး။ ကျွန်တော့် ကိုကြီး ဟာ သောက်ရူးထ တဲ့နေရာမှာ တစ်ဖက်ကမ်းခတ်ခဲ့တယ်။ ကျွန်တော် နေပူထဲမှာ လမ်းလိုက်လျှောက်တိုင်း ပေါက်ဖူးတဲ့ ဖိနပ်ကိုပဲ စိတ်ထဲထည့်ထည့်ထားမိတယ်။ ကျွန်တော် ဆင်းရဲတယ်

ဆိုတာ original sin တစ်ခုလို သူသဘောမထား နိုင်တဲ့ ကိစ္စမှာ ဥပမာ - windows တက်လာတယ်၊ windows ပိတ်သွား တယ်၊ ဖုန်းမကိုင်ဘူး၊ အရင်ဆို အဲဒီတီးလုံးတွေက အကြာကြီးမြည်တာ။ တိတ်ဆိတ်မှုဟာ သေသေချာချာ ပြောပြလို့မရတဲ့ ကံကံကံပဲ။ ခင်ဗျားက ဘာပိုကျွမ်းသလဲဆိုတော့networkingတဲ့။ မဟုတ်ဘူး။ အဲဒီလို ပြန်ဖြေမယ်ဆို၊ သူရော၊ ကျွန်တော်ရော ရယ်မနေခဲ့ဘူး။ အမည်း ဆိုလည်း အမည်း၊ အဖြူဆိုလည်း အဖြူ။ ကျွန်တော့်ရဲ့ မွေးရာပါ ဖြစ်မှုဟာ ကျွန်တော့်ကို ဒုက္ခိတ ဖြစ်စေခဲ့တာ။ ကျွန်တော်ပြင်ထားတဲ့ အပုံတွေ၊ ကျွန်တော် ထိန်းညှိလိုက်တဲ့ အရောင်တွေကို သူ fb ပေါ် တင်တော့ရော၊ ကျွန်တော်ဘာပြောခဲ့သလဲ။ ကျွန်တော်ဟာ သူ့ရဲ့ တိတ်တိတ်ပုန်းဆန်မှု သတ္တဝါ တစ်ကောင် ထက်ကို သူကဘာလို့ groupieကြီး ဖြစ်နေတာလဲ။ ကျွန်တော်ရဲ့ ကိုယ်ခန္ဓာဟာအကျိအချဲ့တွေနဲ့ ရှုံ့စရာကောင်းမှန်း သူ ကြိုသိထား သင့်တာပဲ။ သိပ်အဝေး ကြီးကိုရောက်တဲ့အချိန် သူရော၊ ကျွန်တော်ရော၊ ဘက်တီးရီးယားတွေနဲ့ ပုပ်သိုး နေလောက်ပြီ။ သူဟာ ကျွန်တော့်အတွက် အကောင်းဆုံး သူငယ်ချင်း မိတ်ဆွေပါဆိုတာ ကျွန်တော် မေ့မနေခဲ့ဘူး။ ကျွန်တော် သိစိတ်ထဲမှာ အမြဲ red alert ဖြစ်နေတာ။ စိတ်ညစ်တာ သူ့ရဲ့ သလိပ်ကပ်နေတဲ့ အသံတွေကြားက နေ ထွက်လာတဲ့ စကင်ဒီနေဗီးယား နိုင်ငံတွေရဲ့ နေလို့ ထိုင်လို့ ကောင်းခြင်း အကြောင်းပဲ။ ကျွန်တော်ဟာ ထီးတော်ကို လို လို့၊ မလိုလို့ထက်၊ ပန်း အတွက် ပဲ သင့်စေခဲ့တာ။ ခင်ဗျားလည်း သိပါတယ်။ အမှန်တော့ ဒီလို ဒီလို နေ့တိုင်း မော့ကြည့်နေရာကနေစွေ စောင်း လိုက်ရုံလေး သက်သက်။

တွေ့ကြုံသိ၊
ချယ်ဆီးဆန်သော ဦးနှောက်၊
ချစ်သူများနေ့၊
ဒေါနတောင် အတက်လမ်း၊
လိုင်စင်မဲ့ မြေအောက် ရထား၊
ထမင်းသိုး ဟင်းသိုး ကလေး၊
ဖားကောက်ပွဲ၊
လိင်စိတ် ကုန်ခမ်းခြင်း၊
အပြင်ဘက်အနှစ်သာရ ဖန်တီး၊
ဖန်တစ်ထောင် တေအောင်
အသက်ရှူ။

ရှုးမိုက်ရာကျလိမ့်မယ်လို့ နှင့်အနေနဲ့ မပြောပါနဲ့လား၊ ဇာတ်ဝင်ခန်းတွေကို ကိုယ့်ကိုယ်ကိုလို ခံစားနေခဲ့ရတယ်။ ဒီမှာဒီဘက်လက်မှာကိုင်ထားတာဟာအချစ်စစ်တွေချည်းပဲ။ ခင်ဗျား အိမ်ကို သရဲ တွေ ဝိုင်းနေတယ်။ အင်း လိုက်နေတယ်။ ဗုဒ္ဓဟူးနေ့ညနေစောင်းမှာ ခင်ဗျား သားလေး ရဲ့ ကိုမာ ဟာ လူသိရှင်ကြား ရောင်စဉ်ခုနစ်သွယ် ကယက်တွေကြား မြူတွေ ပိတ်ဖုံး၊ အားလုံး အိပ်မောကျနေတယ်။ ဒီနေ့လည်း ဒီနေ့အလျောက်။ သူ့အမှားသူ ဝန်ခံလိုက်သလား မှတ်ရတယ်။ တစ်ချိန်ချိန်မှာ လေယာဉ်ပေါ်က ကန်ချခံရတယ်။ ရပ်ကွက်ထဲက စကားနဲ့ဆို လိပ်ပြာတွေ ဖွားခနဲ၊ ဖွားခနဲ လွင့်။ နိုးထချင်သလား ဆိုပါစို့။ ချမ်းလိုက်တာ လို့တကယ်လည်းမဟုတ်ဘဲနဲ့ကျွန်တော် အော်မိသွားတယ်။ လယ်မထွန်ရတဲ့နွားလို့ တရားပွဲမလား။ ဒါပေမယ့် အဲဒါဟာ လူတစ်ယောက်ကို ထိုလူဖြစ်ကြောင်း ခင်ဗျားတို့ ဝမ်းနည်းပြီး ရှိုက်ကြီးတစ်ငင် ငိုရမယ့် ဇာတ်လမ်းမျိုးမှ မဟုတ်ပေတာ။ ဟိုပျောက်ဒီပျောက် ပျောက်နေတာ ဖြစ်နေဦးတော့ အဲဒီလို ဇာတ်လမ်းမျိုးအတွက် ခင်ဗျားတို့ ငိုမှာ မဟုတ်ဘူးလေ။ အခုချိန်ဆို သူဟာ ဂြိုလ်သားလေး တစ်ယောက် ဖြစ်နေလောက်ပြီ။ ဒါနဲ့ ဂြိုလ်သား ဆိုတာ သုံးဆယ့်တစ်ဘုံ မှာ ဘယ်ဘုံ က ပါမလဲ လို့ မမေးသင့်တာတွေ လျှောက်မမေးနဲ့လေ။ "အချို့ဝေဖန်ရေးဆရာတွေက ဆုတ်ယုတ်ကျဆင်းမှုရဲ့ လက္ခဏာတွေကို လက္ခဏာတွေရဲ့ ဆုတ်ယုတ်ကျဆင်းမှုက မသိရလေအောင် အပြန်အလှန် အမှောင်ချထားတယ်" (ဇေယျာလင်း) ကိုယ့်ကိုယ်ကို သတ်သေရင် မနက်ဖြန်ဖြစ်မယ့် အကြောင်းအတွက်၊ သန်ဘက်ခါမှ ပြောရင်တောင် ငါပြောတာ လက်ခံတဲ့ပုံပဲလို့ မှန်ချင်မှ မှန်မယ့်ဟာ ကို ခင်ဗျား သိခဲ့လျက်နဲ့။

pemskool.org



မျှတမှုကရော ဘာအသုံးကျသလဲ။ အခုလည်း သုံးလို့မရဘူးမလား၊ ဒီနွားက ဘုရင့်သားမက် မလုပ်ဘူးတဲ့။ ရှုးမိုက်ရာကျတဲ့ အလုပ်တွေကိုလုပ်ဖို့ အဲဒီတုန်းက ပေါတောတော သတို့သမီး ဝတ်စုံအနက်ကြီး ဝတ်ထားတဲ့ ကောင်မကြီး ဟာ ခင်ဗျားလား။ သူ အခန်းကနေ ထွက်သွားတယ်။ လိပ်ပြာတွေကို ကျမ ကယ်တင်ရမယ်။ မျက်နှာကျက်မှာ ဆံပင်တွေသီးတဲ့ နွယ်ပင်တွေ တွယ်ကပ်ပေါက်လာတယ်။ ထင်လိုက်မိတယ်။ ကျွန်မပြောရမယ်။ မိန်းမက ဗိုင်းငင်ရတယ်။ အရက် နည်းနည်းသောက်ပြီး ဒီလိုမချစ်ဘူး မပြောပါနဲ့။ ဂနာမငြိမ်ရင် ရေနွေးလောင်း၊ ဒီမှာ စာရွက်စာတမ်းတွေနဲ့ ၁ရနေ့စ်ပြည့်ပြီ၊ မြစ်ထဲခုန်မချခင်ကလေးပေါ့။ ဒီအသက်အရွယ်ကပဲ မနက်ဖြန်လည်း မနက်ဖြန်အလျောက် ဘာမှမတူတော့ တာကို ပြနေတယ်၊ တစ်ယောက်တည်းပဲ တောင်ရှာ မြောက်ရှာ ဖြစ်မိတဲ့အခါမှာ ဖြစ်နေတဲ့အရာကိုပဲ ဘယ်ရွှေ့ဘယ်မျှလို့ ဓမ္မဓိဋ္ဌာန်ကျကျတင်ပြထားရတယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ စိတ်မကူးပါဘူး။ ကျမရဲ့ဆံပင်ကနေ ဆွဲလာတယ် ဒါမှမဟုတ် ပေါလောပေါ်နေတယ်။ ဝါထိန်ထိန် ဖြစ်နေပြီ။ ဘဝရဲ့ဆည်းဆာအချိန်ကိုရောက်နေတဲ့ နင့်ရဲ့ကိုယ်ခန္ဓာကို ပြန်မတွေ့ခင် ပင်လယ်ဘက်ကို ထွက်သွားတဲ့ သင်္ဘောကြီးတွေဟာ ပျောက်ပျောက်သွားကြတယ်။ ကမ်းကပ်လာတဲ့ လှိုင်းတွေ ငါမလိုချင်ဘူးကွယ်။ အမှန်တော့ ပင်လယ်ဘက်ကို ထွက်ထွက်မသွားတဲ့ သင်္ဘောကြီးတွေလည်း ပျောက်ပျောက်သွားတာပဲ။ လက်ချင်းယှက်ကာ စမ်းကာ စမ်းကာ သွားခဲ့ လာခဲ့တာတွေ မေ့နိုင်ပါ့မလား? နင်ဘာများ လုပ်လိုက်သလဲလို့

ငါမတွေးတော့ပါဘူး။ သင်္ဘောကြီးတွေဟာ ဘာလို့ အဲဒီလို ပျောက်ပျောက်သွားတာလဲ။ အချစ်ဆိုတာ ပျော်ချင်တိုင်း ပျော် မပျော် အိပ်ရန် ဖြစ် မဖြစ် နောက်ဆုံးအချိန်အထိ လိုက်ရှာ။ လိုက်ရှာ။ နွမ်းနယ်လို့၊ ပင်ပန်းလို့၊ စိတ်တွေလှုပ်ရှားလို့။ ပျောက်ဆုံး နေတာလေးသာ တွေ့ရင်ပြောကြပါ။ ပုရွက်ဆိတ်တွေက မနက်လင်းရင် တွန်ရသလား? သူ့ကိုသရဲစီးနေပါပြီဆိုပြီး ရင်ခေါင်းအတွင်းမှာ ကြုံးအော်နေချိန်မှာ သူ့ရဲ့အခန်းထဲမှာ လိပ်ပြာသန့်သန့် ဘာကျန်ခဲ့သလဲဆိုတဲ့ဟာ အမှန်တကယ် ပျောက်ဆုံးနေပြီ၊ ဖယောင်းတိုက်ထားတဲ့ အခေါင်းလို ဇိမ်ခံ ယာဉ်ကြီးတွေကို စီးပြီး အသေအလဲ လိုက်ရှာ။ သူတို့ စိတ်တွေတိုကြ၊ မခံချင်တွေဖြစ်ကြပေါ့။ ပင်လယ်ကလည်း နှုတ်မဆက်ချင်ပါ။ မိန်းမပျက်ကျမ်းတွေ ကြေနိုင်ပါ့မလားဆိုတဲ့ စာတမ်းရေးပြီး ဘဝမှာ အဲဒီလို အခြေအနေတွေအတွက် လူတွေဟာ ယဉ်ကျေးမှုတွေ၊ ကိုယ်ပိုင်အမှတ်လက္ခဏာတွေ၊ သူများ ဒိန်ခဲတွေကို အဲဒီ သင်္ဘောကြီးတွေပေါ် တင်ပြီး လွှတ်လိုက်ကြ။ ဘယ်လို အိုမင်းနိုင်ပါ့မလဲ။ ဘာမြူဒါ တြိဂံကိုပါ အဲဒီ သင်္ဘောကြီးပေါ် တင်ပြီး လွှတ်လိုက်ကြ။ ဘာမြူဒါကြီး ပျောက်သွားပြီ။ အမာရွတ်ကိုထုတ်ပြရင်တောင် ဝင်ခွင့်ရမှာ မဟုတ်တော့ဘူး၊ စာရင်းတွေကို အနက်ပြန်ဖို့ကြိုးစားရင်း တူရိယာလုလင် ရင်ခေါင်းမှလာသော ပင်လယ်လေတိုက်နှုန်းတစ်ခုလုံးကို ဇယားတွေက လက်နဲ့ အသာ ဖျစ်ညှစ် ဖျစ်ညှစ် ပေးသတဲ့။ ခရီးလမ်းဝေးလို့ ခင်ဗျား သင်္ဘောရဲ့ ရှက်တိုင်အောက်ဘက်မှာ ထိုင်နေတုန်း ကျီးကန်း လင်မယားရဲ့ ကြိုတင်သတိပေးမှု သတိမမူထားခဲ့တာ။ ခင်မင်မှု ဝန်ထုပ်ဝန်ပိုးအောက်မှာ ကိုမာရောဂါဟာ

စာကြည့်စားပွဲပေါ်ကနေ ပြုတ်ကျ သွားတော့တာ။ အဝါရောင်သန်းနေတဲ့ ပိစိဖိတ်ထဲမှာ တလူလူ လွင့်နေတဲ့ ကျွန်တော့် ဦးနှောက်မှာ ခပ်ရဲရဲပင်လယ်ငါးပြ တစ်ယောက်က အရိုးခေါင်း တံဆိပ်နဲ့။ အာကာသထဲမှာ မေ့လျော့ကျန်ခဲ့တဲ့ ပင်လယ်ဓားပြ အရိုးခေါင်းထဲက ဦးနှောက်ထဲမှာ တောင်တက်၊ တောင်ဆင်းလမ်းတွေ၊ ကွေ့လိုက်၊ ကောက်လိုက်။ ဖြတ်သန်း ဖြတ်သန်း သန်းခေါင်ကျော်တစ်ချက် ဆီမှာ နောက်ဆုံး ဖြတ်သန်းရန်၊ ဝါကျင်ကျင်မီးလုံးတစ်လုံးလို တိတ်တိတ် ဆိတ်ဆိတ်။ အငှားကားတွေဟာ မိုးထဲလေထဲ ကမူးရှူးထိုး လျှောက်သွားနေကြတယ်။ အရိပ်ကောင်းကောင်းရတဲ့ အရှေ့ဘက် ရိုးမဆီ ဦးတည်သွားတဲ့ ကားတစ်စီးစီးရဲ့ ပိုက်ဆံအတွက် နားမလည်ကြပါလားတဲ့၊ ဝါတွေ စဆွတ်နေကြပြီ။ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းက ပြန်လုပ်ယူလို့လွယ်တယ်၊ ဒိန်ခဲကို နေရာရွှေ့ဖို့ပျင်းတဲ့ ပစ္စည်းရှိ ဆင်းရဲ နေတဲ့ သူတွေလို့ ခင်ဗျား နာမည်ပေးလိုက်တယ်။ အရူးဆိုသူ တစ်ယောက်ကို လူကောင်းဆိုသူတွေ ဝိုင်းရိုက်ကြတာကို ကျန်တဲ့ အရူးဆိုသူတွေလက်ခုပ်တီးကြ။ စိတ်ကောင်းနှလုံးကောင်းနဲ့ ဖန်ဆင်းရှင် နေရာ ဝင်လာသော စူပါမန်း များ၊ ခင်ဗျားနဲ့ လက်ခုပ်တီး၊ ပြီး လက်ဝါးရိုက်ကြ။ အနားကို လာပြီး မင်းကိုကယ်ဖို့ ကြင်နာဖို့ ခေါင်မိုးပေါ်တက်လိုက်သွားဖို့။ အနည်းဆုံးတော့ နင်ဟာ နွေးထွေးတဲ့ အိပ်ယာထဲမှာ နင့်ကို ချစ်တဲ့ ပုံပန်းမကျတွေ ဝိုင်းရံလို့၊ ဘာကြောင့် အလျှော့ပေးလိုက်သလဲ။ ဒီလိုမချစ်ဘူး မပြောပါနဲ့။ သူတစ်ကောင်ထဲလုပ်နေရတာ သူ့ကို မသိစေချင်ဘူး။ အထီးကျန်နေတဲ့ မင်းသမီးလေးဟာ … … … … … …

pemskool.org



မင်းသားလေး စစ်ထွက်သွားတဲ့အခါ ဓါတ်ခွဲခန်းထဲမှာ မတော်တဆ ဖြစ်ရာကနေ သဘော်တွေ ပျောက်ရှသွား။ အဲဒီနေ့က နေသိပ်ပြင်းတယ်ဗျ။ တချိန်ချိန်မှာ သဘော်ပေါ်က ကန်ချခံရတဲ့ ပင်လယ်ပြာနဲ့ တံငါအိုက ဘာကျန်နေခဲ့သလဲဆိုတာ အထပ်ထပ် ရေရွတ်တယ်။ ဘာကျန်နေခဲ့သလဲ? ဘာကျန်နေခဲ့သလဲ? ဘာကျန်နေခဲ့သလဲ? သူရဲကောင်းတွေကို ထည့်ထားတဲ့ သေတ္တာထဲမှာ ကော့ပန်းခဲ့တဲ့သေးတွေ ထိုင်ပါခဲ့တဲ့ချီးတွေ အမျိုးသားရေးစိတ်ဓာတ်တွေ။ ငါက အပျိုရည်မပျက်သေးတဲ့ မိန်းမပဲ့။ လျှပ်စစ်စက်ကွင်းနဲ့ သံလိုက်စက်ကွင်း အချိုးကြ ပေါင်းစပ်လိုက်ရာ အမိမြေမှသားကောင်းများ အပြည့်ပါတဲ့ သဘော်ကြီး ပျောက်ဆုံးသွား။ နံရံတွေ လိုက်စားထားတဲ့ ရေတွင်းထိပ်နား ရှင်ကကျမကို ခေါ်သွားမလို့လား? ခေါင်းမှာပဝါစည်းပြီး အားစိုက်ခါလိုက်တိုင်း သူတို့ရဲ့ တင်ပဆုံတွေ နိမ့်ချည်မြင့်ချည်။ ဒိုင်မင်းရှင်း ပြောင်းသွား။ နောက် နှစ်တွေကြာတော့ ဦးထုပ်ကို ချွတ်လိုက်တယ်။ လေထဲလွင့်ပါလာတဲ့ အမျှင်တစ်ခုက နှစ်တွေတောင် ကြာခဲ့ပြီ။ လေ့အဆင်း မြင်းအတက် သဘော်စက်သံ တညံ့ညံ့ စသဖြင့် စသဖြင့် စသဖြင့် ကမ္ဘာကြီးကို ဆက်သွယ်ကြည့်ပေတဲ့ နားလည်မှုဆီ ရောက်မသွားခဲ့ပါဘူး။ ကိုယ်တစ်ပိုင်းက သုံးဘက်မြင် ကမ္ဘာထဲမှာရှိပြီး၊ နောက်တစ်ပိုင်းက အခြား ဒိုင်မင်းရှင်း တွေဆီရောက်နေတဲ့ (ကိုယ်တစ်ပိုင်းပဲမြင်ရတဲ့) လူတွေ ဆိပ်ကမ်းမြို့ကလေးရဲ့ အရက်ဖြူဆိုင်မှာ အမူးသောက်ပြီး တဖြည်းဖြည်းပြန်ပျောက်သွားကြ။ သဘော်သားတွေ၊ ကိုယ်တစ်ပိုင်းနဲ့ အရက်သောက်တယ်။ ပုရွက်ဆိတ်တွေ တက်လာသေးတယ်။

pemskool.org

သိုးနီညို

ပြီးတော့ ပြန်ပျောက်သွားကြတယ်။ သစ်ရွက်တွေနဲ့ မြက်ပင်ရှည်တွေ ကြားမှာ အော်သံသဲ့သဲ့ကို ကြားမိတယ်။ သဘော်ာတွေဟာ မပျောက်ခင် ကိုမာ ဝင်သွားကြတယ်ဆိုတာ ဟုတ်သလား။ ကျွန်တော့် ဦးနှောက်ထဲက ချောင်းတွေ၊ မြောင်းတွေအားလုံး ဟာ ဘယ်ပင်လယ်ထဲကိုမှ စီးမဝင်ကြဘူး။ ခင်ဗျားရဲ့ ရထား ကို သရဲတွေ ပိုင်းထားတယ်။ ဒါကြောင့် တခြားနာမည်တွေ သူတို့ရှေ့မှာ ခေါ်ပြနေရတာ။ ကယောင်နဲ့ ကတမ်းနဲ့ မျက်နှာက ချွေးတွေကို သုတ်ပစ်လိုက်တော့။

# ချိုချိုဖုန်း

ဧည့်ကဗျာဆရာ - ဇာတိ

pemskool.org



လေတွေဟာ အတားအဆီးတွေပေါ့ …ဦးချိန်တီ
ခင်ဗျားဟာ လေတွေကို နိုင်နင်းတယ်လို့
နာမည်ကြီးပါတယ်
Air-X ဟာလည်း ကောင်းမွန်ပါတယ်
ကျနော်ဟာ ခင်ဗျားရဲ့ လူရွှင်တော်လား?
လေပဲလား?
ကျနော်ပြောတဲ့ လေတွေဟာ အတားအဆီးတွေပေါ့
ပေါ့ပါးစွာခင်ဗျားနာကျင်ချင်မယ်ဆို
ဒဏ်ရာဒဏ်ချက်တွေထဲကို ဟိုက်ဒရိုဂျင်
ထိုးထည့်ပေးလိုက်ပါ
ပန်းရောင်မီးခဲတွေ အတွက်
လေထဲမှာ ပျံဝဲနေတဲ့ ခင်ဗျားအတွက်
လေထက်ပေါ့တဲ့ ဒဏ်ရာတွေအတွက်
လေတွေဟာ အထောက်အကူပြု ပစ္စည်းတွေ
အတားအဆီးတွေ ဟာ လေ ထက် ပိုမို ပေါ့ပါးမယ်လို့
ခင်ဗျား
ယုံကြည်မှုတွေ အပြောင်းအလဲတွေ ကျနော်
နားလည်စွာရရှိခဲ့ပါတယ်
အပြောင်းအလဲတွေဟာ ကျနော့်ဆီကို
အတားအဆီးတွေလို ပျော်ဝင်ကျရောက်လာခဲ့ပါတယ်
ကျနော်တို့ ကိုယ်တိုင်၊ ကျနော်တို့ အမည်နာမတွေ
ရယူမှုဟာ ခင်ဗျားကို မပြုလုပ်ခင်
ခင်ဗျား ရယူမှုကို ပြုလုပ်ပါ
လေတွေဟာ လေတွေရယ်လို့ ခေါ်တွင်လာတဲ့အခါ
အပြောင်းအလဲတွေဟာ လေတွေနဲ့ ဂူးဂူးဝါးဝါး ဝင်လာမှာပါ
လေတွေဟာ ကျနော်တို့ ရဲ့ အတောင်ပံ အောက်မှာ
ကျနော်တို့ကို ပင့်တင်ထား

လေတွေဟာ ကျနော်တို့ အရှိန်နဲ့ ပျံဝဲနေတဲ့ အချိန်တွေမှာ
ကျနော်တို့ကို ပင့်တင်ထား
လေတွေဟာ ကျနော်တို့ မျက်စိတွေမှာ ဒဏ်ရာတွေကို
မျက်မှန်လုပ်ပြီး တပ်ထားလိုက်ချိန်မှာ
ကျနော်တို့ကို ပင့်တင်ထား
ရှုံပါ
အချိန်ဟာ ဒိုင်မင်းရှင်းတစ်ခုအနေနဲ့ 4D
မျက်မှန်တွေထဲဝင်လာခဲ့ပြီ
လောကကြီးဟာ အရေးမပါပါဆိုပြီး မုန်းသွားမလား ကိုပဲ
ကျနော် ရွေးချယ်မယ်ဆိုရင် လူပြောသူပြောအရမ်းများတဲ့
ကျနော် ဟာလည်း လေတွေလိုပဲ
အချိန်တွေဆောင့်ဝင်လာခဲ့တဲ့ ကျနော်တို့ရဲ့ စိတ်ကူးယဉ်
နာကျင်မှုတွေ / လက်ကိုင်ဖုန်းတွေ / ရယ်သံတွေ
ဘာကိုများ ခင်ဗျား မှီခိုနေချင်ပါသေးသလဲ?
မှီခိုနေတယ်ဆိုတာ လေတွေကိုလား?
စိုးရိမ်ရေမှတ်ဟာ ခင်ဗျားနေတဲ့နေရာလား?
ခင်ဗျားဆီ ခင်ဗျား ကျရောက်မလာဘူးလား?
ခင်ဗျားကို ခင်ဗျား ထည့်သွင်းအသုံးမပြုထားဘူးလား?
ဆိုတဲ့ ခင်ဗျားစိတ်ပူမှုတွေ မီးအဖြစ်လောင်ကျွမ်းရင်တောင်
လေတွေဟာ မီးလောင်ရာမှာ ပင့်ဖို့
ဖုန်းထဲကို ရေရော မီးရော လေပူတွေရော
ခင်ဗျားချစ်ခင်တဲ့
ရယ်သံချိုချိုအေးအေးတွေရော
မယ်တယ်သီချင်းတွေရော
ခင်ဗျား ရရှိရင် ခင်ဗျား ဆုံးရှုံးမယ်ဆိုတဲ့အတွေးတွေရော
ခင်ဗျားဆီရောက်မလာအောင် သယ်ဆောင်လာတဲ့ အဲ့ဒီ
ပန်းရောင်ချိုချိုတွေရော

ဆက်လက်ပတ်သတ်ပြီး ဆက်လက် ပင့်တင်ဖို့
သူတစ်ပါး ချစ်ခြင်းကို ကွဲစေတဲ့ ရုပ်ရှင်တွေ / ကဗျာတွေ
လေတွေဟာ အမူအရာ အမျိုးမျိုးနဲ့ ကျနော့်ဆီ
ရောက်မလာရင်
ကျနော်ဟာ အိပ်စက်နေမယ်ဆိုတာ ခင်ဗျား ယုံ!
ကျနော်သာ အခု မိုးရေတွေဆိုရင်
မိန်းမတစ်ယောက်ပိုင်တဲ့ နာမည်တစ်ခု ဖြစ် ချင် ဖြစ် နေ မှာ
သူဟာ ရယ်မောနေမယ်လို့ ထင်နေပေမယ့်
သူဟာ ဘယ်လိုမှ မခံစားရဘူးလို့ ပိုယုံကြည်နေတယ်
ကျနော်သာ သူ့လေတွေကို ကျနော့် ဖုန်းထဲ အင်စတော
လုပ်မိခဲ့တယ်ပဲ ထားဦး
လေဖိအားနည်း ရပ်ဝန်းဟာ ကျနော့်ဖုန်းထဲမှာပဲ
အိပ်စက်နေခဲ့တော့
ဝူးဝူးဝါးဝါးအသံကနေ သူ့ရယ်သံချိုချိုအေးအေးတွေကို
ထုတ်လုပ်နိုင်မှာမဟုတ်ဘူး
ကျနော်ဟာ အမူအရာ တစ်မျိုးထဲကို အမျိုးမျိုးလို့
ခေါ်တွင်ခဲ့ပြီ
ဖြစ်နေခဲ့ပြီ တဲ့
လေတွေ ဘယ်တော့များငြိမ်သက်မလဲလို့
ပြီးတော့ သူ့ရဲ့ မျက်နှာကိုရော၊ သူ့ရဲ့ ပလတ်စတစ်ဆာဂျရီ
ကဗျာတွေကိုပါ
ကျနော်တွေးနေမိပါတယ်
သူဟာ ဟိုးး ခေတ်က
စစ်သူကြီးဆီ ပြန်လာတဲ့ စစ်မြင်းတစ်ကောင်လို
မောင်းသူမဲ့ ကျနော့်ဆီ ပြန်ရောက်လာမှာလား
ဦးချိန်တီ?

# ကန်တော့ပါသေးရဲ့

ညှော့်ကဗျာဆရာ - မာ လေ သွန်

နီဂျက်တို့ အလှျုံ အဖွဲ့အကြောင်းနဲ့ တစ်စောင်း
စောင့်နေတဲ့ ဘဲ တွေ  ဘဲ တွေ
ရပ်ကွက်စွန်း မြို့အထဲအိမ်ကြီးအိမ်ကောင်း တပြောင်ပြောင်
ယောင်တောင်တောင်နဲ့
လက်တစ်ဖက်က ကန့်ကွက်ပြီး လက်တစ်ဖက်နဲ့
နှုတ်ဆက်တဲ့အခါ
ဟောမယ့်တရားကဘာတဲ့
ဒီ ဝဲ ဩ ဃ သံသရာ ကြီးက မထနိုင်တော့တာတောင်
ဒီလိုဖယ်ကြဉ်ခြင်း အဆင့်ဆင့် က ဖြစ်ပေါ်နေပါ
ဒယ် လွမ်းနေရသေးတဲ့အကြောင်းများလည်း
ကန်တော့ပါသေးရဲ့
ပလာစတာရုပ် ယောက်ျားနဲ့ စက်လူသားမိန်းမ တို့
စကားလုံးတွေနဲ့ ငြိစွန်းကြတဲ့အခါ
ဒီလား ဒီမြင်း ကန်တော့ပါသေးရဲ့။
ဂျောက် ဂျောက် ဂျောက် ဆိုတာနဲ့ အနောက်ကနေ
လှမ်းလှမ်းပြီး Jack Jack Jack  လုပ်မနေနဲ့နော်တဲ့
ရင်သွေးရတနာ ဖျက်ချမှုအား ကန်တော့ပါ သေး ကဲ့ ရဲ့
သုံးနှုန်းခြင်းအား
ဘန်း ဘန်း ဘန်း ဆိုတာ တြိယာ လည်း ဖြစ်နိုင်တာပဲ
သူတို့ လူငယ်တွေဆို ဒါကို မှတ်မှတ်သားသား
အမှတ်တရများစွာထဲ ၊
လွန်ခဲ့သော နှစ်သန်းပေါင်း ၃၀၀၀၀ ကတည်းက
ယနေ့အချိန်အထိ
ဘယ်ဘာသာစကားမှ ဖော်ပြရန် မလုံ မလောက် မအောင်
မမြင် ခဲ့ခြင်း
ဒို့ ပရိသတ် အရှေ့ကိုနည်းနည်းတိုးပြီး နာ၊
စမ်း  သပ် ကန် တော့ တယ် လည်း ဆိုသေး

pemskool.org

အပိုင်းအခြား မှာ အားလုံး ထက် မင်းကို သိပ် ချစ်တာ လို့
လည်း ဆိုသေး
လွင်ဦး နဲ့ ဒေါ်အုန်းဟာ ဖောက်ပြန်လို့နေတာ ၊
အရစ်စိတိုတယ် ကြိုးကို တောင် အလေးစားဆုံး ဘဲ အဖြစ်
ဆိုသေး
မွဲချင်တဲ့ခွေးက ပြာပုံကိုတိုးသည်
ဟိုလူကြီးမဟုတ်လား ဆိုတာကိုလည်း
စာအုပ်ဖိုးလေးမရှိလို့ပါ လ ဒ ကာ
ကန်တော့ပါသေး ကဲ့ ရဲ့ လ က ဗျာ
အလားတူ စမ်းသပ်မှု အချို့
ကန် တော့ ရဲ့ နောက် တွင် သုည ၃၁ လုံး
လက်မှတ်တွေ နဲ့
အတိအကျ ပုံနှိပ်စက်မှာ
အသေအချာ အားလုံးအတွက်ဆိုပြီး
ပတ်တမ်ဘာညာသာရကာ
ရိုက်နှိပ်တော့လည်း ဖြတ်ပိုင်း တွေကို အဲဒါ လို့ ပဲ
သေချာ သိထားတဲ့
ပရစ်တိုက် နေမလား၊
စစ်တိုက်နေမလားမဆလာ တစ်ထုပ်ဖြစ်ဖြစ်ပေ့ါ
လှူ တယ် ဆိုတာ နောက်ဖေး အထိပါ တယ်ဆိုရန်လား
အကောင်အထည် ဘယ်သူ...ဘာတဲ့ ၊
လက်ဆုပ်လက်ကိုင် အို...ဘာတဲ့တုန်း ၊
မာမွတ်အာမက် ဒီနီဂျက် က ပြောဒယ်
မိုးပြိုကျတောင်မကယ်နိုင်တော့ဘူး
ကန်တော့ပါသေးရဲ့။
'ညစ်ညမ်းတယ်ဆိုတဲ့ စကားလုံးတွေဆိုတာ
ခေတ်ကုန်သွားပြီဒဲ့'

၁။ ကိုယ့်ကို နှောင့်ယှက်မယ့် အသံတွေမရှိ ဒဲ့
တိတ်ဆိတ်တဲ့ နေရာမှ ကန်တော့ပါ သေးကဲ့ ရဲ့။
၂။ PEM sKoOL သည် Big Bang တွင် စတင်ခဲ့သည် ဟု
ယူဆလျှင် ကန်တော့ပါ သေး ကဲ့ ရဲ့။
၃။ ဖြစ်ရိုးဖြစ်စဉ်များ၊ နိယာမများ၊ တုံ့ဏှိဘာဝေ
ဆိတ်ဆိတ်နေများ၊ ဆန့်ကျင်လူများ(Antipeople)၊
ဆီလျော်ညီညွတ်မှုမရှိခြင်းတွေနဲ့ ကန်=? တော့=? ပါ=?
သေး=? ကဲ့=? ရဲ့=?
၄။ သိမှုအစုအဝေးထဲက နှိုက်ထုတ် သုံးသပ်ကြတဲ့အခါ
ငယ်ရာကပါလာတဲ့ ကန်တော့ပါသေးကဲ့ရဲ့ဟာ . . .
၅။ လယ်ဗယ် တစ်ခုနဲ့ တစ်ခု ကြား ဦးခေါင်းခွံကြီးရဲ့
အနှစ်မပြည့်မှု အထင်ကြီးခြင်းလွန်ကဲမှု ၊ ဖခင်ရှာဖွေမှု ၊
လင်ယူသားမွေး စိတ်ကြီးထွားလာမှု ၊ ကြေကွဲဝမ်းနည်းမှု ၊
ရင်ဘတ်တွေရဲ့ ကျေးကျွန်ဖြစ်မှု ၊ ပေါင်းသားတွေ ရဲ့
ဆွဲဆောင်မှု ၊ လှဲရင်တောင် ရှာဖွေနိုင်မှု မရှိတဲ့
ဆယ်ကျော်သက် (Teen) တွေမှာ တွေ့ရတတ်ပါဒယ် ။
၆။ တုံ့ပြန်မှုခြင်း မတူညီပဲ
၆.၂ ။ သက်သာ (စပန်းန်ထွက်ပြီးတဲ့ မနက်တွေမှာ
အိပ်ရတာ အရမ်းအရသာရှိတယ်ဆိုပဲ)
၆.၂ ။ ဖောက် (ငါတို့ က မော်ဒန်လိုင်း မပိုင်ဘူး)
ဟုတ်ပြီ ဒီထဲမှာ လွင်ဦး(အင်္ဂလန်ပြန်) နဲ့ အိုင်ယာလန်ထီ
ပေါက်ထားတဲ့ ဒေါ်အုန်းတို့ ပါသလားကွဲ့။
ခင်ဗျားတို့ သိအောင် ပြောရရင် နိုက် ယူ တာလည်း
စိတ်ကျေနပ်မှု အတွက်လိုလို
အကူအညီ ဆိုတာ အော်ဂန်ဆန် မရှိဘူး လို့ တောထဲကို
ရိုက်သတ် ထည့်သွင်းတော့မလို့လား
ဟိုး ဖရန့်ဇ် တို့ ခေတ်ကတည်းက ပိုစိုင်ဒန် ကြီး ခမျာ

သောက်ပေါကြီးလိုလို သောက်ရူးကြီး လိုလို
မနေ့တနေ့က ကန်တော့ ဟာ ဒီကနေ့ စကားလုံးတွေကြား
ပါလာသေးသလား ၊ ဘယ်လိုပုံစံနဲ့ ပါလာသလဲ
ဟိုက လှမ်းပစ်ထည့်လိုက်တဲ့သိမှုတချို့ကို
ဆန်းစစ်ကြည့်တဲ့အခါ . . .  နောက်ဆက်တွဲ
'ပြင်ဆင်ဖတ်ရှုခြင်းမပြုပါရန်'
ဘက်လိုက် ရေး သား ကြမှု အငြင်းပွားဖွယ်ရာ
အတိတ်လွမ်းဝေဒနာ နဲ့ ကာမစိတ် အား ရင်ဘတ်ကြီးထဲ
(ပုံသဏ္ဍာန်ဖျက်၍)တည်ဆောက်ခြင်း ကိုယ့်အဖို့ မှာတော့
အလုတရား ကိုယ့် အနုပညာပါလို့ သီချင်းအော်ဆိုဆို
အဲဒါကလည်း အခုခေတ် မှာ ယောကျာ်းသေလို့
ကိုယ်ပါလိုက်သေ ရမယ်ဆိုတဲ့ ပော်နန်းစော်ဘွားတွေရဲ့
နျူးစတိတ်ဒေသ က အနီရောင်မျိုးစိတ်အချို့ ၊
ပြည့်တန်ဆာ အား ညဥ့်ငှက် ဟု ထပ်တူ ယူ
ပြု နေ ကာ ကျ မှု ၊ ဖော်ချင်တာ ဘဝရဲ့ ဖြစ်-ရှိ နေရတဲ့
အနေအထား
အိတ်ချ်အိုင်ဗွီ ပေါ်မှာပဲ ဖာသည်မတွေ
နဲ့ကန်တော့လိုက်ကြတာ စပ်ဖြိုဖြို အံ့သြနေသူတွေကို
အတိအကျ စာရင်းနဲ့ တင်နေတော့ သူတို့ လူငယ်စုဟာ
လွင်ဦး နဲ့ ဒေါ်အုန်း လင်မယားကို ရှေ့မှာထား ၊
လမ်းခွဲတာ ဝမ်းနည်းစရာလား? ကလေးဆိုတော့လည်း
ငိုနေခဲ့ရုံ အပြင်
တမှိုင်မှိုင်တတွေတွေ ဝေဝေဝါးဝါး မင်းမျက်ခွက်ပေါ်
ငေါ့လက်နဲ့ဖြတ်ပြီး ကန်တော့ပါသေးရဲ့။
အတွင်းစကားတိုက်ရိုက်အားဖြင့် သွယ်ဝိုက်ခြင်းမှ မဟုတ်ပဲ
ကန်တော့ပါသေးကဲ့ရဲ့ပေါ့
ဒီနေ့မအားဘူး ဟိုနေ့လည်းမအားဘူး
တင်းပြည့်ကျပ်ပြည့်ကိုမအားတာနဲ့ သူမ၏

pemskool.org

သိုးနီညို

ယားယံမှုကိုလည်း
ပလ္လင်ပေါ်တက် ကန်တော့ပါသေးရဲ့
နစ်ချက်လောက် ပါရစေဘုရား
တစ်ရွက်ခြောက်ထောင် နှုန်းနဲ့ အရွက်ပေါင်းများစွာ ည က
ဖုန်းဆက်လာတာ က ဘာကိစ္စကြောင့်မှ မဟုတ်ဘူး
အသံ တစ်ခုတည်း အတွက်နဲ့ အင်္ဂလန် က
ပွဲကို ကြည့်တုန်း အမေရိကန် က နေ အသံနဲ့
လှမ်းပစ်ထည့်လိုက်တာ
ငါ ပါတယ်ကွာ ငါ ပယ်တယ်ကွာ ငါထရှုပ်တယ်ကွာ ငါ
အော်ပြောလိုက်တယ် ငါတို့ က ဒဿန လိုင်းလို့
အရက်မူးပြီး ဘတ်တယ် ထဲမှာ ကွင် ကွင် ကွင်
လုပ်နေ ပုံမှန်နှင့် အနီးကပ် Space ခြားရပ်၍
ကန်တော့လည်းပါသေးကွဲ့ရဲ့
အဲ့အခါက တြိယာ မဟုတ်ဘူး ဖိုး စောက်ကျိုးနည်း
ကြီးကျယ်နေတဲ့ စကားလုံးတွေနဲ့ လိင်မျက်နှာစာပေါ်
ထိုမျက်နှာစာပေါ် အဲမျက်နှာစာပေါ် အသုံးမပြုပဲ
တရစပ်ဝင်လာသော စပမ်းတွေအား ကြိုက်၍ပင်ဖြစ်မည်
ဖာမျက်နှာစာပေါ် ဆိုတာ အပြာ ရဲ့ အပြော လို့
ကြားဝင်စွက်ဖက် ကြတဲ့အခါ PEM 600L: 2010
လက်မှတ်ပြစရာမလိုပဲ ကန်တော့ပါသေးကွဲ့ရဲ့ ခင်ဗျားတို့
ဘယ်တုန်းကမှ မှီလိုက်မှာ မဟုတ်ဘူး
ဂူ မလုပ်ပဲ စုပုံ မြုပ်ထားတဲ့ မြေပုံ ကြီးတွေအောက်မှာ
အရိပ်တကြည့်ကြည့် မျက်ခြည်မပြတ်
ပတ်ဝန်းကျင်နဲ့ ခွဲထွက်နေခြင်း လုပ်နေရတာက
သေချာစေ့ငုကြည့်လျှင်
တကယ်သေရန် တွန့်ဆုတ်ခြင်း အစွန်း အဖက် ၂၀
ရောက်ခြင်း
စွမ်းရည်များပြီး ပါဝင်လှုပ်ရှားမှု မရှိခြင်း

pemskool.org



ရယ် ဂျောင့် ဂျဲ ရယ် တော့ ဟုတ် ခဲ လိမ့် ကဲ့ ရဲ့
ဟိတ် ဟန် များ၍ Cognitive Behavioral Therapy
(CBT) ပေးရန် လိုအပ်ခြင်း
အတွက် တက်စ် ဆိုတာ ဘညာ ပမ် ဟိုဒီ ပိုက်ဆံ သုံးသိန်း
လောက် ကျသွား ပုံနှိပ်ဖိုး
ဘာမှ မလိုဘူး ငါတို့ သေရင် သေချာတယ် သူတို့
နိဗ္ဗာန်ဆီကို မိုးလင်း အထိ ပဲ
အဲဒီလို ခိုင်မာ နေတဲ့ အကြောင်းတွေ အတွက်လဲ အမာလို
၁၂၃၄ ရေးဖို့
ဘယ်ဆီကိုရောက်ရောက် မှန်လှပါဘုရား
ပြောင်းပြန်ပြန်သွားတဲ့ အသိတရား လက်ခံ ထားတာတွေ
အပျိုတွေ ထက်တောင် ကျဉ်းမြောင်း
ခွဲခြားခွဲခြား လုပ်နေသမျှတော့ ခွေးကလည်း နွား၊
နွားကလည်း ခွေး အဲဒီ အဆင့်
ကဘာန်း မှာ လိုအပ်ခြင်း မရှိ၍ သိမှုဆိုင်ရာ ငြင်းဆန်မှု
ပြုခြင်း
ပူးချည်ခွာချည် ဆုတ်ယောင်တက်ယောင်ပြုခြင်း
လေးစားသမှုကိုပြုခဲ့ပြီးသည့်နောက် သကာလ ၊
ခေါင်းလေးကိုပုတ် ကျောလေးကိုပွတ် နောက်ပြီး
ကန်တော့ပါသေးရဲ့ပြောပြောပြီး ပြန်ပြန်လှတ်လိုက်တာ
ဟိုဆရာကဗျာလို ဘာအဓိပါယ်မှ
ထည့်မပေးထားတဲ့အတွက် ကန်တော့လိုက်ကြတာကို
ပက်တန် တစ်ခုလို ဖြစ်နေတဲ့အခါ ---- ခြင်း နဲ့ ထူးမခြား
စကားတစ်လုံးဟာ
ကန်တော့ပါသေး ကဲ့ရဲ့ ဖြစ်မလာ နိုင်ပေဘူးကလား။
ကြေကွဲ ဆွေးရုံ အဟာမ်း အစ်ကို တို့ ခေတ်တုန်းက ဒီလို
ဟုတ်ဘူး သားလေး ညီလေး တူလေး လို့
စပါးကျီ ထဲမှာ စပါးနဲ့ ဘာနဲ့ ခွဲခြားဖို့

pemskool.org

သိုးနီညို

ဘုရားသခင်တွေကိုငါနားမလည်တာကြာပြီ
ခွေးတွေဟာ ငါ့အတွက်တော့ အကုန် အ နေကြတယ်
အကြောင်းများလည်း
ပုဂါဖြူလေးလည်မှာ ပတ်ထားရန်လိုက်ကာ
ဘယ်အနှစ်နှစ်အလလက တစ်လျှောက်
အရေပြားချင်းပွတ်သပ်မှုမေ့ရာကနေ
လမသာတဲ့အခါ မီးထွန်းချ ၊ ရင်ခုန်လွန်းလို့ဗျ ။
သူတို့ပြောကြတယ်
မီးတဟုန်းဟုန်း ခွက်ထိုးခွက်လှန် ထိုးလှန်လိုက်ပြီးနောက်
ကျော်တော့ လေ့သူကြီးပါမေရယ် ညားတော့
လေ့ထိုးသားလို့ ပြောချင်ရင်ပြောပြောပြော
ရေငန်ပိုင်အရှင် ဒေါင်ဒင်ဒေါင်ဒင် ကန်တော့ပါတီးရဲ့
စာမျက်နှာ ဘယ်လောက်ပဲ ဖြစ်ဖြစ် နာရေးမှာ
ကန်တော့ပါသေးရဲ့ကို အတက်ချ် လုပ်မလို့
ဒီကန်တော့ ၊ အဂု ၊ . . . . စတဲ့ ကော့စ်တွေပေါ့
ဟောဒါက ရင်သားကြီးတအိအိတုန်ခါနေမှုကော့စ်မို့
ညီမလေး ဝင်တွေ့ လို့ မရပါဘူး
အောက်ခြေသမားငှက်ပစ်မုဆိုးမှာ အများမရှိဘူး
ကိုယ့်ယားယံမှုကိုလည်းကန်တော့ပါသေးလိုက်ရ။
ကန်တော့ = ဂဒေါ့ = Ga dod = God Dod = Some-
thing ပါသွား ဒဲ့ သေး ရဲ့
က ဗျာ ဗေဒ = ဘာ ဘာ သာ စ ကား ကတော့ သိမှုကို
အတင်းနင်းကန် push လုပ်နေသမျှ
Text တွေဟာ ၂၄ နာရီ ဝန်ဆောင်မှုပေးနေရတယ်
အဆက်ဆက် ကန်တော့ပါနေသေးဒဲ့ လိပ်စာ အနားသတ်
ဆေးကုသမှု မှတ်တမ်းကြမ်းပြင် က
Main Stream Poetry ရဲ့ စီးကြောင်း
ဘုရားသွားကျောင်းတက် လေ့ကားထစ်တွေရေတွက်

pemskool.org



ထိပ်ရောက်တော့ သူ့ထစ် ကိုယ့်ထစ် နည်းနည်းဟာနေမှုကို
ရယ်မောကြည်နူးရမှုအားလည်း
ကန်တော့ပါသေးရဲ့လို့ ပြောတာ အဓိပါယ်ရှိရဲ့လား
ဒို့ပရိသတ် အရပ်ကတို့ရေ?
ကန်တော့နော် ကန်တော့ ကန်တော့ငယ်ပါသေးရဲ့။
ကန်တော့နော် ကန်တော့ ကန်တော့ငယ်ပါကြီးရဲ့။
ကျွန်တော့်နော် ကျွန်တော့်
ဘာသာစကား အနည်အနစ်များ ကန်တော့ပါသေးရဲ့။
စစ်ပြီးသောက်ပေါ့။ ကန်တော့ပါတယ်ဟုတ်။

+ equals −

pemskool.org